# ရေလွှမ်းမိုးခြင်းဘေးအန္တရာယ်လက်စွဲ

## အကြောင်းရင်း၊ ဆိုးကျိုးများနှင့် ကြိုတင်ပြင်ဆင်ရေး



UN HABITAT
UNITED NATIONS HUMAN SETTLEMENTS PROGRAMME

## ဤလက်စွဲစာအုပ်သည်

သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့်နိုင်ငံတကာမှအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ဘေးအန္တရာယ်ဆိုင်ရာကျွမ်းကျင်သူများနှင့်ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများထံမှအကြံပြုချက်များရယူလျက်ပြုစုထားခြင်းဖြစ်ပါသည်။ဤစာအုပ်ကိုဘေးအန္တရာယ်များဆိုင်ရာ အခြေခံအသိပညာဗဟုသုတရရှိစေရန်လည်းကောင်း၊ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့်ဘေးအန္တရာယ်မတိုင်မီ၊ ဘေးအန္တရာယ်ကျရောက်စဉ်နှင့်ကျရောက်ပြီးနောက်လုပ်ဆောင်ရန်များကိုသိရှိစေရန်လည်းကောင်းရည်ရွယ်ပြုစုထားပါသည်။ဤစာအုပ်ကိုဆရာ/ ဆရာမများ၊ကျောင်းသူ/ ကျောင်းသားများ၊မိဘများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများမှ ကိုးကားစာအုပ်တစ်အုပ်အဖြစ် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီ–မွန်း၏ မိန့်ခွန်းမှကောက်နုတ်ချက်

### *ဘေးအန္တရာယ်ကိုစောင့်မနေပါနှင့်။*

ချီလီနှင့်ဟေတီနိုင်ငံတို့တွင်လှုပ်ခဲ့သောငလျင်များ၏သင်ခန်းစာကိုမည်သည့်နိုင်ငံမျှလျစ်လျူရှုနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်ယင်းသို့သော ဘေးအန္တရာယ်များမဖြစ်ပွားစေရန် မတားဆီးနိုင်ပါ။ သို့ရာတွင် မှန်ကန်သော ဘေးအန္တရာယ်ကျရောက်နိုင်မှု လျှော့ချရေးအစီအမံများကို ကြိုတင်၍ဆောင်ရွက်ထားရှိပါက ယင်းတို့ကြောင့် ထိခိုက်မှုကိုသိသာစွာလျော့နည်းစေနိုင်ပါသည်။

လွန်ခဲ့သောရက်သတ္တပတ်က ကျွန်ုပ်သည် ချီလီငလျင်ဒဏ်သင့်နယ်မြေသို့သွားရောက်ခဲ့ရာ ချီလီခေါင်းဆောင်များသည် အတိတ်က သင်ခန်းစာများကို ရယူပြီးပဋိပက္ခများ ဖြစ်ပွားလာနိုင်မှု သတိပေးချက်များကို အလေးဂရုပြုခဲ့ကြခြင်းကြောင့် မရေမတွက်နိုင်သော အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တွေ့မြင်ခဲ့ရပါသည်။ ငလျင်ဒဏ် ခံနိုင်ရည်ရှိစေရေး ဆောက်လုပ်ရေးစည်းမျဉ်းများကို တိကျစွာ ချမှတ်စေခဲ့ခြင်းကြောင့် များစွာပိုမိုဆိုးရွားနိုင်သော သေဆုံးဒဏ်ရာရမှုများကို တားဆီးနိုင်ခဲ့ပါသည်။ ပထမဆုံးတုန့်ပြန်သူများကို ကြိုတင်၍လေ့ကျင့်သင်တန်းပေးပြီး ပစ္စည်းကိရိယာ တပ်ဆင်ထားခြင်းကြောင့် ငလျင်လှုပ်ပြီး မိနစ်ပိုင်းအတွင်း အကူအညီများရောက်ရှိခဲ့ပါသည်။ အစိုးရသည် လက်ရှိစိန်ခေါ်မှုများသာမက အနာဂတ်တွင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများအတွက်လည်း တာဝန်ရှိသည်ဟူသော စိတ်ဓာတ်ကို လက်ခံကျင့်သုံးခြင်းသည် လူသားများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုကို မည်သည့်ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုထက်မဆို ပိုမို၍ တားဆီးကာကွယ်နိုင်ခဲ့ပါသည်။

ချီလီနိုင်ငံတွင် လှုပ်ခဲ့သောငလျင်၏ ပြင်းအားမှာရစ်ချ်တာစကေး ၈.၈ ရှိပြီးမှတ်တမ်းများ စတင်ကောက်ယူခဲ့ချိန်မှ ပဉ္စမမြောက် အကြီးမားဆုံးငလျင်ဖြစ်သော်လည်း သေဆုံးသူအရေအတွက်မှာ ရာဂဏန်းသာလျှင် ရှိခဲ့ပါသည်။ ဟေတီတွင်လှုပ်ခဲ့သော ငလျင်မှာထိုမျှလောက် မပြင်းထန်သော်လည်း သေဆုံးသူသိန်းဂဏန်းရှိခဲ့ပါသည်။ ဟေတီတွင် အဆောက်အအုံ ဆောက်လုပ်ရေး စည်းမျဉ်းများမရှိပါ၊ သို့မဟုတ် ချမှတ်ခြင်းမရှိခဲ့ပါ၊ ကြိုတင်ပြင်ဆင်မှုလည်း အလွန်ညံ့ဖျင်းခဲ့ပါသည်။

ဤသင်ခန်းစာများကို ကမ္ဘာတစ်ဝှမ်းကျင့်သုံးနိုင်ပါသည်။ မည်သည့်နိုင်ငံမျှ ငလျင် သို့မဟုတ် ရေလွှမ်းမိုးမှု၊ မုန်တိုင်း၊ အပူလှိုင်းစသော ဘေးအန္တရာယ်များမှ မကင်းဝေးနိုင်ပါ။ ကုန်းမြေတိုက်ကြီး ၅ခုစလုံးတွင် ပိုမို၍ ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်လျက်ရှိရာ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်သည်ဟု ယုံကြည်ယူဆရပါသည်။ ကမ္ဘာပေါ်တွင် အဆင်းရဲအနွမ်းပါးဆုံး ပြည်သူလူထုအများအပြားသည် ရေလွှမ်းမိုးသည့် သို့မဟုတ် ငလျင်လှုပ်သည့် သို့မဟုတ် နှစ်ရပ်စလုံးဖြစ်ပွားသည့်နယ်မြေများရှိ အန္တရာယ်ကျရောက်နိုင်မှု မြင့်မားပြီး လူနေသိပ်သည်းသော မြို့များတွင် နေထိုင်ကြပါသည်။

ဘေးအန္တရာယ်ကျရောက်နိုင်မှုလျှော့ချရေးအလေ့အထကိုပြန့်ပွားစေရပါမည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ အစကောင်းရှိခဲ့ခြင်းကြောင့် ကျွန်ုပ်အားတက်မိပါသည်။ သဘာဝဘေးရန်များကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များမှ ကမ္ဘာကြီး ပိုမိုအန္တရာယ်ကင်းရှင်းစေရေး ၁၀နှစ် စီမံကိန်းဖြစ်သော ဟျိုဂို လုပ်ငန်းဆောင်ရွက်မှု မူဘောင်ကို ၂၀၀၅ခုနှစ်တွင် အစိုးရ (၁၆၈)ခုတို့က အတည်ပြုခဲ့ပါသည်။

ဟျိုဂိုမူဘောင်တွင် အမျိုးသားအဆင့်အာဏာပိုင်များအား အစီအစဉ်ရေးဆွဲခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပိုမိုကောင်းမွန်သော အများပြည်သူပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ကျရောက်နိုင်မှုများကို အကဲဖြတ်ပြီး လျော့နည်းကျဆင်းစေနိုင်မည့် အစီအစဉ်ကိုဖော်ပြထားပါသည်။ ဥပမာ–ကျောင်းများ၊ဆေးရုံများနှင့်အခြားအဓိကအရေးပါသောအများပြည်သူအခြေခံအဆောက်အဦများအား သတ်မှတ်ထားသော အန္တရာယ်ကင်းရှင်းရေး စံနှုန်းများနှင့် ပြည့်မီစေရန် ဖြစ်ပါသည်။

တိုးတက်မှုရရှိခဲ့ပြီးဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၇၀ ခုနှစ်က ဘိုလာဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်စဉ်လူ၅သိန်းကျော်ဆုံးရှုံးခဲ့ရပါသည်။ ထို့နောက်တွင် မြှင့်တင်ထားသော ကွန်ကရစ်စင်များပေါ်၌ ဆိုင်ကလုန်းအကာအကွယ် ၂၅၀၀ တည်ဆောက်ခဲ့ပြီး အန္တရာယ်ကင်းရှင်းရာသို့ ရွှေ့ပြောင်းရေးအကူအညီပေးရန် စေတနာ့ဝန်ထမ်း ၃၂၀၀၀ကျော်ကို လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင်ဆီဒါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီး မုန်တိုင်းဒီရေ ကြီးမားစွာ မြင့်တက်ခဲ့သော်လည်း သေဆုံးသူအရေအတွက်မှာ ၄၀၀၀ အောက်တွင်သာရှိပါသည်။ မြန်မာနိုင်ငံသို့ ၂၀၀၈ခုနှစ် မေလတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်သည့် အလားတူဖြစ်ရပ်တွင် ကြိုတင်ပြင်ဆင်ထားခြင်း မရှိသောကြောင့်အသက်ဆုံးရှုံးသူပေါင်း ၁၄၀၀၀၀ ရှိခဲ့ပါသည်။ ကျူးဘားနိုင်ငံသည် ၂၀၀၈ခုနှစ်တွင် ဟာရီကိန်းမုန်တိုင်း ၄ကြိမ် တိုက်ခတ်ခြင်းခံရပါသည်။ ရပ်ဝတ္ထုပိုင်းအပျက်အစီးဒေါ်လာ၉ဘီလီယံဖိုးရှိသော်လည်းအသက်ဆုံးရှုံးမှု အလွန်နည်းပါးပါသည်။

သက်သေအထောက်အထားအထူးများပြားပါသည်။ သို့ရာတွင် ယင်းဘေးအန္တရာယ်များမှ ရရှိသောသင်ခန်းစာများကိုစိတ်ဓာတ်ကျဆင်းဖွယ်ရာကောင်းလောက်အောင် အလျင်အမြန် မေ့လျော့သွားတတ်ကြပါသည်။ တားဆီးကာကွယ်ခြင်းသည် ကာလရှည်တွင် အစိုးရများအတွက်အမှန်တကယ်ငွေကုန်ကြေးကျသက်သာစေကြောင်း သိရှိကြပါသည်။ တရုတ်နိုင်ငံသည် ရေလွှမ်းမိုးမှုကြောင့်ထိခိုက်မှုကိုလျှော့ချရန် ၁၉၆၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြားတွင် ၃.၁၅ ဘီလီယံ ဒေါ်လာသုံးစွဲခဲ့ခြင်းကြောင့် ၁၂ဘီလီယံဒေါ်လာဖိုး ဆုံးရှုံးမှုများမဖြစ်ပွားဘဲ ရှောင်ရှားနိုင်ခဲ့သည်ဟုခန့်မှန်းပါသည်။ အလားတူငွေကုန်ကြေးကျသက်သာမှုများကို ဘရာဇီး၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် အခြားနိုင်ငံများတွင်လည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

လူတိုင်းတစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြပါသည်။

ရပ်ရွာများသည် ဆက်လက်တည်ရှိနေဆဲစိန်ခေါ်မှုများနှင့် ရုတ်တရက်ဖြစ်ပေါ်လာသည့်ဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်း နိုင်စွမ်းရှိစေရန်အတွက် ဗဟိုအစိုးရနှင့်နယ်မြေခံအစိုးရများသည် လိုအပ်သောဆောင်ရွက်ချက်များကို လုပ်ဆောင်ကြရပါမည်။

ချီလီနှင့်ဟေတီငလျင်များကို ကြည့်ခြင်းဖြင့်ဘေးအန္တရာယ်များ မကျရောက်မီအရေးယူဆောင်ရွက်ခြင်းသည် အဘယ်ကြောင့် များစွာထူးခြားမှုရှိနိုင်ကြောင်း ထပ်မံ၍တွေ့ရှိနိုင်ပါသည်။ သဘာဝဘေးရန်များသည်ဘေးအန္တရာယ်များအဖြစ်သို့ ပြောင်းလဲမသွားစေရေး တားဆီးရန်အတွက်ကျွန်ုပ်တို့အားလုံး ပိုမိုဆောလျင်စွာ စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ဆောင်ရွက်ကြရပါမည်။

# rmwum

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


## tcef;(1)　　a&vTrf;rdk;jcif;e'&ef;

၁-၁　ရေလွှမ်းမိုးခြင်းဆိုသည်မှာ........................................၁

၁-၂　ရေလွှမ်းမိုးမှုဖြစ်ရခြင်း အကြောင်းရင်းများ........................................၁

၁-၃　ရေလွှမ်းမိုးမှုအမျိုးအစားများ........................................၂

၁-၄　ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ........................................၃

၁-၅　အာရှတိုက်အတွင်း အပျက်အစီးများသောရေလွှမ်းမိုးမှုများ........................................၄

## tcef;(2)　　jrefrmEdkifiHwGifjzpfyGm;aomta&vTrf;rdk;rIrsm;

၂-၁　မြန်မာနိုင်ငံ၏မြေမျက်နှာသွင်ပြင်........................................၆

၂-၂　မြန်မာနိုင်ငံအတွင်းရေလွှမ်းမိုးမှုဖြစ်ပွားသည့်အချိန်ကာလနှင့်ရေလွှမ်းမိုးမှုဖြစ်ပွားနိုင်သော နယ်မြေဒေသများ........................................၇

၂-၃　မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ရခြင်းအကြောင်းရင်းများ........................................၉

၂-၄　မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သောရေလွှမ်းမိုးမှုကြီးများ........................................၁၁

## tcef;(3)　　a&vTrf;rdk;rIab;tE&m,avsmhcsapa&;EiftkyfcsKyfrIqdkif&mtpDtrHrsm;

၃-၁　ရေလွှမ်းမိုးမှုဘေးဒဏ်နည်းပါးသက်သာစေခြင်း........................................၁၅

　၃-၁-၁　ဆောက်လုပ်မှုဆိုင်ရာရေလွှမ်းမိုးမှုနည်းပါးသက်သာစေရေးအစီအမံများ........................................၁၅

　(က)　ရေလွှမ်းမိုးမှုမှကာကွယ်ခြင်း........................................၁၅

　(ခ)　ရေလွှမ်းမိုးမှုလျှော့ချခြင်း........................................၁၆

　(ဂ)　ရေလွှမ်းမိုးမှုကို လမ်းလွှဲပေးခြင်း........................................၁၆

　(ဃ)　ရေလွှမ်းမိုးမှု ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ခြင်း........................................၁၇

　(င)　အင်ဂျင်နီယာနည်းပညာဖြင့်ဆောက်လုပ်ထားသောအဆောက်အအုံများ........................................၁၉

　(စ)　အင်ဂျင်နီယာနည်းပညာဖြင့် ဆောက်လုပ်ထားခြင်းမရှိသောအဆောက်အအုံများ........................................၂၀

　၃-၁-၂　အဆောက်အအုံဆောက်လုပ်ခြင်းနှင့်မသက်ဆိုင်သော ရေလွှမ်းမိုးမှုဘေးလျော့ပါးသက်သာ စေရေးအစီအမံများ........................................၂၁

　(က)　ရေလွှမ်းမိုးမှုဘေးရန်မြေပုံ........................................၂၁

(ခ) မြေယာအသုံးချမှုအစီအစဉ်........................................................................................၂၁

(ဂ) ဆောက်လုပ်ရေးစည်းမျဉ်းများ....................................................................................၂၃

(ဃ) ရေလွှမ်းမိုးမှုကြိုတင်ခန့်မှန်းခြင်းနှင့်သတိပေးခြင်း.......................................................၂၅

(င) လေ့ကျင့်သင်တန်းပေးခြင်းနှင့်ပညာပေးခြင်း.............................................................၂၇

(စ) ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများ..............................................................၂၇

(ဆ) ရပ်ရွာအဆင့်ရေလွှမ်းမိုးမှုအန္တရာယ်လျော့ပါးသက်သာစေခြင်း....................................၂၈

၃-၂ ရပ်ရွာအဆင့်တွင်ရေလွှမ်းမိုးမှုအတွက်ကြိုတင်ပြင်ဆင်ခြင်း................................................၂၉

(က) ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့အစည်း...............................................၃၀

(ခ) ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်.................................................................၃၀

(ဂ) ရပ်ရွာအခြေပြုရေလွှမ်းမိုးမှုကြောင့်ထိခိုက်ဆုံးရှုံးနိုင်မှုအကဲဖြတ်ချက်...............................၃၁

(ဃ) ရေလွှမ်းမိုးမှုကြိုတင်ခန့်မှန်းခြင်းနှင့် ကြိုတင်သတိပေးချက်ဖြန့်ဝေခြင်း..........................၃၁

(င) ရေလွှမ်းမိုးမှုရည်ညွှန်းဖော်ပြခြင်း...........................................................................၃၂

(စ) ရပ်ရွာအတွက်ခိုလှုံရာနေရာ...................................................................................၃၃

(ဆ) ဘေးကင်းရာသို့ကြိုတင်ရွှေ့ပြောင်းရေးစီစဉ်ထားခြင်း....................................................၃၄

(ဇ) လေ့ကျင့်သင်တန်းပေးမှုများ...................................................................................၃၅

(ဈ) အစမ်းလေ့ကျင့်ခြင်း...............................................................................................၃၆

၃-၃ အိမ်ထောင်စုအဆင့်တွင် ကြိုတင်ပြင်ဆင်ခြင်း...................................................................၃၇


## tce;(4) a&vr;r;rrab;ui;apa&; tujy(c;urm;


၄-၁ ရေလွှမ်းမိုးခြင်းသတိပေးချက်ထုတ်ပြန်ပါက......................................................................၄၀

၄-၂ ရေလွှမ်းမိုးစဉ်အတောအတွင်း.....................................................................................၄၀

၄-၃ ဘေးကင်းရာသို့ကြိုတင် ပြောင်းရွှေ့ရန် အကြံပြုလာပါက...................................................၄၂

၄-၄ ရေလွှမ်းပြီးနောက်......................................................................................................၄၃

# t ce;1

## a&v r;r;jci i;e'ge;

### ၁–၁ ရေလွှမ်းမိုးခြင်းဆိုသည်မှာ...

ရေလွှမ်းမိုးခြင်းဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း မြစ်(သို့မဟုတ်) အလားတူ ရေအရင်းအမြစ်တစ်ခုမှ ရေများမြင့်တက်ခြင်း (သို့မဟုတ်) လျှံတက်ခြင်းကို ဆိုလိုပါသည်။ ကာလအတန်ကြာ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလမ်းကြောင်းအတွင်း ရေများ ပိုများလာပြီး စမ်းချောင်းများ၊ မြစ်များ၊ ချောင်းများတွင် ရေမြင့်တက်ခြင်း ဖြစ်နိုင်ပါသည်။ မည်သည့်အချိန်တွင်မဆို ရေစုစုပေါင်းပမာဏသည် မြစ်ချောင်း၏ ရေစီးဆင်းနိုင်စွမ်းထက် ကျော်လွန်များပြားပါက ရေလွှမ်းမိုးမှုဖြစ်ပွားပါသည်။



၂၀၀၆ခုနှစ်မြစ်ငယ်ရေလွှမ်းမိုးမှု

### ၁–၂ ရေလွှမ်းမိုးမှုဖြစ်ရခြင်းအကြောင်းရင်းများ

ရေလွှမ်းမိုးမှုဖြစ်ရသည့်အဓိကအကြောင်းရင်းများမှာ–

- မိုးသည်းထန်စွာမပြတ်ရွာသွန်းခြင်း၊
- ရေစီးဆင်းမှုစနစ်များညံ့ဖျင်းခြင်း၊
- မြေပြိုခြင်းကြောင့်မြစ်လမ်းကြောင်းပိတ်ဆို့ခြင်း၊
- မြစ်ကျဉ်းမြောင်းခြင်း၊
- မြစ်လမ်းကြောင်းပြောင်းလဲခြင်း၊

- တာတမံများ၊ ရေကာတာများ၊ တူးမြောင်းများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာ ဒီဇိုင်းပုံစံထုတ်မှု အားနည်းခြင်း၊
- ဒီရေတောနှင့်အပူပိုင်းဒေသသစ်တောများပျက်စီးပြီး ပြန်လည်၍မပေါက်ရောက်ခြင်း၊
- သစ်တောပြုန်းတီးခြင်းနှင့် အမြစ်စနစ် ပျက်ပြားခြင်း၊
- အနည်ကျခြင်း သို့မဟုတ် မြစ်ကြမ်းပြင်နုံးပို့ချခြင်း၊
- မြို့ပြများ လျင်မြန်စွာတိုးတက်ဖြစ်ပေါ်လာရာတွင် ရေစီးဆင်းမှုစနစ် စနစ်တကျ မရှိခြင်း၊
- မုန်တိုင်းဒီရေတက်ခြင်း၊
- ဆူနာမီရေလှိုင်းဒဏ်ခံရခြင်းတို့ဖြစ်ပါသည်။

## ၁-၃ ရေလွှမ်းမိုးမှုအမျိုးအစားများ

### မြစ်ရေကြီးခြင်း(မုတ်သုံရာသီရေလွှမ်းမိုးခြင်းများ)

မြစ်ကြီးများနှင့်၎င်းတို့၏မြစ်လက်တက်များ ရေလျှံပြီး ကျယ်ကျယ်ပြန့်ပြန့် ရေလွှမ်းမိုးမှု ဖြစ်ခြင်းကို ခေါ်ပါသည်။ မြစ်ရေသည် ဖြည်းညင်းစွာတက်ပြီး ပြန်လည်ကျဆင်းရန်လည်း နှေးကွေးခြင်းကြောင့် ရက်သတ္တပတ်များစွာ စိုးရိမ်ရေမှတ်အထက်၌ ရှိနေနိုင်ပါသည်။ အထူးသဖြင့် ဆက်စပ်နေသော မြစ်များအများအပြားတွင် ရေလျှံမှုတစ်ပြိုင်တည်း ဖြစ်ပွားသော အခါရေလွှမ်းမိုးမှုကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနိုင်ပါသည်။ မြစ်ရေလွှမ်းမိုးမှု အမျိုးအစား (၃)မျိုး ရှိပါသည်။ တဖြည်းဖြည်းရေတက်ခြင်း၊ လျင်မြန်စွာရေတက်ခြင်းနှင့် လျှပ်တစ်ပြက် ရေကြီးခြင်းတို့ဖြစ်ပါသည်။

တဖြည်းဖြည်းရေတက်ခြင်း – ဤရေလွှမ်းမိုးမှုအမျိုးအစားသည် နှေးကွေးစွာဖြစ်ပွားပြီး ရက်သတ္တပတ်များစွာ(သို့မဟုတ်) လနှင့်ချီ၍ပင် ကြာမြင့်နိုင်ပါသည်။ ရေလွှမ်းမိုးမှုဖြစ်စေသော အကြောင်းရင်းများတွင် နှင်းရည်ပျော်ခြင်း (သို့မဟုတ်) မုန်မုန်ဆက်လက်၍ မိုးရွာခြင်းတို့ပါဝင်ပါသည်။ ရုပ်ဝတ္ထုပစ္စည်း အများအပြားဆုံးရှုံးခြင်းနှင့် သီးနှံများပျက်စီးခြင်းသာမက အခြေခံ အဆောက်အဦများပျက်စီးခြင်း၊ လမ်းများ၊ ရထားလမ်းများနှင့် လျှပ်စစ်ဓာတ်အားပေးပို့မှု စသည်တို့ကဲ့သို့သော ဝန်ဆောင်မှုများပျက်စီးခြင်းတို့ဖြစ်စေနိုင်ပါသည်။ ရေလွှမ်းမိုးမှုမြင့်တက် လာခြင်းကိုကြိုတင်ခန့်မှန်းနိုင်ပြီး အန္တရာယ်ကျရောက်နိုင်သော နယ်မြေဒေသများမှဘေးလွတ်ရာ သို့ လူအများရွှေ့ပြောင်းရန် အခွင့်အလမ်းရနိုင်ပါသည်။

လျင်မြန်စွာရေတက်ခြင်း – ဤသို့သော ရေလွှမ်းမိုးမှုမျိုးတွင် မြစ်ကြီးများမြစ်ဖျားခံရာ တောင်ပေါ်ဒေသများတွင် ပိုမိုလျင်မြန်စွာ ဖြစ်ပွားနိုင်ပါသည်။ ထို့အပြင် ကမ်းရိုးတန်းသို့ စီးဆင်းသောမြစ်များတွင်လည်းဖြစ်ပွားနိုင်ပါသည်။ ရက်အနည်းငယ်သာလျှင် ကြာမြင့်လေ့

ရှိပါသည်။ ဤသို့သော ရေလွှမ်းမိုးမှုများမှာ တဖြည်းဖြည်းရေတက်သော ရေလွှမ်းမိုးမှုများထက် ကြိုတင်တားဆီးနိုင်ချိန် လျော့နည်းတတ်ခြင်းကြောင့် ပို၍အန္တရာယ်ရှိနိုင်ပြီး အသက်ဆုံးရှုံးမှု၊ ပစ္စည်းဥစ္စာဆုံးရှုံးမှု အန္တရာယ်ပိုမိုကြီးမားပါသည်။

လျှပ်တစ်ပြက်ရေကြီးခြင်း – လျှပ်တစ်ပြက်ရေလွှမ်းမိုးခြင်းများမှာ အချိန်ကာလအားဖြင့် တိုတောင်းပါသည်။ အလွန်သည်းထန်စွာ မိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ခြင်း တို့ကြောင့်ဖြစ်လေ့ရှိပါသည်။ ယင်းရေလွှမ်းမိုးမှုများ၏ထူးခြားချက်မှာ ရေများ အလျင်အမြန် မြင့်တက်လာပြီးနောက် မိုးရွာခြင်းရပ်သွားပြီးသောအခါတွင် အလျင်အမြန် ပြန်လည်ကျဆင်း သွားခြင်းဖြစ်တတ်ပါသည်။ ရေစီးဆင်းမှု အလျင်နှုန်းမြင့်မားလေ့ရှိပါသည်။ ဘေးကင်းရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး သတိပေးချက်များထုတ်ပြန်ရန် မဖြစ်နိုင်ဘဲရှိတတ်ပါသည်။ ဤသို့ သော ရေလွှမ်းမိုးမှုမျိုးမှာ အသက်အန္တရာယ်ဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ပိုင်ဆိုင်ပစ္စည်းဆုံးရှုံးမှု များနှင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခက်အခဲများဖြစ်နိုင်ပါသည်။

## ကမ်းရိုးတန်းရေလွှမ်းမိုးမှုများ

ကမ်းရိုးတန်းတွင်လေများပြင်းထန်စွာတိုက်ခတ်ပြီးနောက် ပင်လယ်၊ သမုဒ္ဒရာ၊ ပင်လယ် အော်များမှ ရေများကုန်းမြေပေါ်သို့ ဝင်ရောက်လာသောအခါတွင် ကမ်းရိုးတန်း ရေလွှမ်းမိုးမှု ဖြစ်ပွားပါသည်။ ဆူနာမီရေလှိုင်း၊ ဒီရေလှိုင်းများနှင့် မုန်တိုင်းဒီရေလှိုင်းများကြောင့် ကမ်းရိုးတန်း တစ်လျှောက် နေရာကျယ်ကျယ်ပြန့်ပြန့်၌ ရေလွှမ်းမိုးမှုကိုဖြစ်ပေါ်စေနိုင်ပါသည်။

## မြို့ပြရေလွှမ်းမိုးမှု

ဤရေလွှမ်းမိုးမှုအမျိုးအစားသည် မြို့ပြဒေသများတွင် ရေထုတ်ပေါက်၊ ရေထုတ်မြောင်း များ စနစ်တကျမရှိခြင်းကြောင့် ဖြစ်ပွားနိုင်ပါသည်။

## ၁–၄ ရေလွှမ်းမိုးမှုကြောင့်ထိခိုက်ဆုံးရှုံးမှုများ

**ရုပ်ဝတ္ထုပစ္စည်းထိခိုက်ပျက်စီးမှု** – ရေတိုက်စားမှုကြောင့် အဆောက်အအုံများ ထိခိုက် ပျက်စီးခြင်း (သို့မဟုတ်) ပြိုကျခြင်း၊ ရေစိမ့်ဝင်ခြင်းကြောင့် မြေပြိုခြင်းများဖြစ်ပါသည်။ ကမ်းရိုးတန်းနယ်မြေဒေသများတွင် လှေများနှင့် ငါးဖမ်းကိရိယာများ ဆုံးရှုံးခြင်း (သို့မဟုတ်) ထိခိုက်ပျက်စီးခြင်းများ ဖြစ်နိုင်ပါသည်။

**အသက်ဆုံးရှုံးမှုများနှင့်ပြည်သူ့ကျန်းမာရေးထိခိုက်ခြင်း** – လူနှင့် မွေးမြူရေးတိရစ္ဆာန် များရေနစ်သေဆုံးခြင်း၊ ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်နိုင်ပါသည်။ ကပ်ရောဂါများ၊ ဝမ်းရောဂါ၊ ဗိုင်းရပ်စ်ကြောင့်ဖြစ်သောရောဂါများ၊ငှက်ဖျားရောဂါနှင့် အခြားရေနှင့်ပတ်သက်သော ရောဂါများဖြစ်ပွားနိုင်ပါသည်။

**ရေပေးဝေမှု** – ရေများ (ရေတွင်း၊ မြေအောက်ရေ၊ ပိုက်ဖြင့်ပို့သောရေ) ညစ်ညမ်းစေနိုင် ပါသည်။ သန့်ရှင်းသောရေမရရှိခြင်း ဖြစ်နိုင်ပါသည်။




*ရေလွှမ်းမိုးမှုကြောင့်ရန်ကုန်–မန္တလေးလမ်းမကြီးလမ်းပိုင်းတစ်ခုပျက်စီးနေပုံ*

**သီးနှံများနှင့်စားနပ်ရိက္ခာများ** – သီးနှံများအားလုံးဆုံးရှုံးခြင်း၊ ရေစိုခြင်းကြောင့် သီးနှံများပျက်စီးခြင်း၊ တိရစ္ဆာန်အစာများဆုံးရှုံးခြင်းတို့ကြောင့် ရုတ်ချည်းစားနပ်ရိက္ခာ မလုံလောက်မှုဖြစ်ပွားနိုင်ပါသည်။ သီးနှံများသိုလှောင်ထားရှိသည့် အဆောက်အအုံများနှင့် ဂိုဒေါင်များရေနစ်မြုပ်ခြင်းကြောင့် ရုတ်တရက်စားနပ်ရိက္ခာရှားပါးမှုဖြစ်နိုင်ပါသည်။ ရေလွှမ်းမိုးမှုများသည် မြေဆီလွှာသွင်ပြင်လက္ခဏာများကိုလည်း ထိခိုက်စေနိုင်ပါသည်။

မြေဆီလွှာတိုက်စားသွားခြင်းကြောင့် မြေမှာ မြေသြဇာမကောင်းတော့ခြင်း (သို့မဟုတ်) နယ်မြေဒေသတစ်ခုအတွင်း ပင်လယ်ရေဝင်ရောက်ခဲ့ပါက ဆားပေါက်ခြင်းများ ဖြစ်နိုင်ပါသည်။

## ၁–၅ အာရှတိုက်အတွင်းအပျက်အစီးများသောရေလွှမ်းမိုးမှုများ

- ၁၈၈၇ခုနှစ်တွင် တရုတ်နိုင်ငံ၌ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူပေါင်း(၃)သန်း အသက်ဆုံးရှုံးခဲ့ရပါသည်။
- ၁၉၃၅ခုနှစ်တွင် ယန်စီမြစ်ရေလွှမ်းမိုးရာ သေဆုံးသူ (၁၄၅၀၀၀)ရှိခဲ့ပါသည်။
- ၁၉၇၁ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းတွင် ရေလွှမ်းမိုးခဲ့ရာ လူပေါင်း(၁)သိန်း အသက်ဆုံးရှုံးခဲ့ပါသည်။
- ၁၉၇၅ခုနှစ်တွင် တရုတ်နိုင်ငံ ပန်ချောင် ရေကာတာကျိုးပေါက်ခဲ့ရာ လူပေါင်း ၂၃၂၀၀၀ဦး အသက်ဆုံးရှုံးခဲ့ရပါသည်။
- ၁၉၉၁ခုနှစ်က တရုတ်နိုင်ငံတွင် မြစ်ဝါမြစ်ရေလွှမ်းမိုးခဲ့ရာ လူပေါင်း (၂)သန်းနီးပါးအသက်ဆုံးရှုံးခဲ့ရပါသည်။

- ၁၉၉၈ခုနှစ်တွင် ယန်စီမြစ်ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၄သန်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။
- ၁၉၉၈ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်၌ ရေလွှမ်းမိုးမှုကြောင့် ရေဘေးသင့်သူ အများအပြားရှိခဲ့ပါသည်။
- ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ဂျကာတာ၌ ရေလွှမ်းမိုးခဲ့ရာ လူပေါင်း ၈၀ အသက်ဆုံးရှုံးခဲ့ရပါသည်။
- ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလနှင့်၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် မလေးရှားကျွန်းဆွယ်၊ ဆာဘားနှင့် ဆူမတ်တြားတို့၌ ရေလွှမ်းမိုးရာ နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးဝါးဆုံးဟုယူဆကြပါသည်။ ရေလွှမ်းမိုးမှုအပြင်းထန်ဆုံးအချိန်၌ ရေဘေးအဆိုးဝါးဆုံးခံစားရသော ဂျိုဟိုးပြည်နယ်တွင် လူပေါင်း ၁ သိန်းကျော်ကို ဘေးကင်းရာသို့ပြောင်းရွှေ့ပေးခဲ့ရပါသည်။
- ၂၀၀၆ခုနှစ် မေလတွင် တောင်ကိုရီးယား၌ အဆိုးဝါးဆုံး ရေလွှမ်းမိုးမှုတစ်ရပ် ဖြစ်ပွားခဲ့ပါသည်။
- ၂၀၀၅ခုနှစ်၊ ဇူလိုင်လတွင် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်း(ဘုံဘေ) ၌ ရေလွှမ်းမိုးခြင်းကြောင့်သေဆုံးသူ ၇၀၀ ကျော်ခဲ့ပါသည်။ အချို့နယ်မြေဒေသများမှာ ၅ မီတာမျှ ရေလွှမ်းမိုးခဲ့ပါသည်။




*၂၀၀၆ ခုနှစ်၊ မြစ်ငယ်ရေလွှမ်းမိုးမှု*

@DMH

# t ce;2

## jrermEiiwijzpym;aoma&vr;r;rrsm;

### ၂–၁ မြန်မာနိုင်ငံ၏မြေမျက်နှာသွင်ပြင်

မြန်မာနိုင်ငံ၏မြေမျက်နှာသွင်ပြင်မှာ အနောက်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တွင် တောင်ထူထပ်သောနယ်မြေဒေသများ၊ အလယ်ပိုင်းဒေသတွင် မိုးနည်းရပ်ဝန်း၊ အနောက်ပိုင်းတွင် ကမ်းရိုးတန်းနယ်မြေဒေသနှင့် တောင်ပိုင်းမြစ်ဝကျွန်းပေါ်တွင် ရေလွှမ်းမိုးသော နယ်မြေဒေသများ အမျိုးမျိုးရှိပါသည်။ တောင်တန်းများမှာ ယေဘုယျအားဖြင့် မြောက်ဘက်မှ တောင်ဘက်သို့ တည်ရှိနေသောကြောင့် မြစ်ကြီးများမှာလည်း မြောက်ဘက်မှတောင်ဘက်သို့ စီးဆင်းကြပါသည်။ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းသော အဓိကမြစ်ကြီး ၄ သွယ် ရှိပါသည်။ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းနှင့် စစ်တောင်းမြစ်တို့ဖြစ်ပါသည်။

ဧရာဝတီမြစ်သည် ၁၅၅၀ကီလိုမီတာ (၉၆၀မိုင်) ရှည်လျားပြီး မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းပါသည်။ ဧရာဝတီမြစ်တစ်လျှောက် ရေဆင်းဧရိယာမှာ စတုရန်း ကီလိုမီတာ ၄၁၁,၀၀၀(စတုရန်းမိုင်၁၅၈,၇၀၀)ရှိပါသည်။ ဧရာဝတီမြစ်သည် မြန်မာနိုင်ငံအတွင်းမြောက်မှ တောင်သို့ဖြတ်သန်းစီးဆင်းပါသည်။ ကပ္ပလီပင်လယ်အတွင်းသို့ မြစ်၊ ချောင်းများစွာခွဲဖြာ၍ စီးဝင်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် အနောက်ဘက်တွင် နိမ့်သောတောင်များ ရှိသည်မှလွဲ၍ မြေညီမြေပြန့်လွင်ပြင်ဖြစ်ပါသည်။ ယင်းအနောက်ဘက်တောင်ကုန်းများမှာ ရခိုင်ရိုးမတောင်တန်း၏အဆက်ဖြစ်ပါသည်။ ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်၏အကြီးမားဆုံး မြစ်လက်တက်ဖြစ်ပါသည်။ မြောက်ဘက်မှတောင်ဘက်သို့ ၈၀၀ကီလိုမီတာ စီးဆင်းပြီးနောက် မန္တလေးမြို့အနီးတွင် ဧရာဝတီမြစ်အတွင်းသို့စီးဝင်ပါသည်။ စစ်တောင်းမြစ်သည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ အရှေ့ဘက်တွင် စီးဆင်းပါသည်။ ရှမ်းကုန်းပြင်မြင့်အဆုံး ရမည်းသင်းမြို့ အရှေ့မြောက်ဘက်တွင်မြစ်ဖျားခံလျက် တောင်ဘက်သို့ ၄၂၀ကီလိုမီတာ (မိုင်ပေါင်း ၁၆၀) စီးဆင်းပြီး ကပ္ပလီပင်လယ်၊ မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်ပါသည်။ ရှည်လျားသော စစ်တောင်းမြစ်ဝှမ်းသည် အနောက်ဘက်တွင် ပဲခူးရိုးမနှင့် အရှေ့ဘက်တွင် မတ်စောက်သော ရှမ်းကုန်းပြင်မြင့်တို့ အကြားတွင်တည်ရှိပါသည်။ သံလွင်မြစ်သည် တိဗက်တွင်မြစ်ဖျားခံပြီး ယူနန်ကို ဖြတ်သန်းလျက် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းပြီး မော်လမြိုင်မြို့ အနီးတွင် ကပ္ပလီပင်လယ်အတွင်းသို့ စီးဝင်ပါသည်။

အဓိကမြစ်များအပြင် မြန်မာနိုင်ငံအရပ်ဒေသအနှံ့အပြား၌ မြစ်များ၊ ချောင်းများ၊ စမ်းချောင်းများ အများအပြားစီးဆင်းလျက်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်မှာတောင်များ၊ ကုန်းပြင်မြင့်များ၊ ရှုပ်ထွေးသောမြစ်စနစ်များ၊ ကျယ်ပြန့်သောမြစ်ဝှမ်း

ဒေသများ၊ မြေနိမ့်ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့ပါဝင်ပါသည်။ မုတ်သုံရာသီတွင် မြောက်ပိုင်းဒေသများ၌ မိုးအများအပြား ရွာသွန်းသောအခါတွင် မြစ်များသည် ရေပြည့်လျှံလျက် စိုးရိမ်ရေမှတ်ကို ကျော်လွန်ကာ တစ်ခါတစ်ရံ မြစ်တစ်လျှောက်ရှိ မြို့ရွာများတွင် ရေလွှမ်းမိုးမှု ဘေးအန္တရာယ်ကိုဖြစ်စေပါသည်။

## ၂-၂ မြန်မာနိုင်ငံအတွင်းရေလွှမ်းမိုးမှု ဖြစ်ပွားသည့်အချိန်ကာလနှင့် ရေလွှမ်းမိုးမှု ဖြစ်ပွားနိုင်သောနယ်မြေဒေသများ

ရေလွှမ်းမိုးမှုသည်မြန်မာနိုင်ငံတွင် အဓိကဘေးရန်များအနက်တစ်ခု ဖြစ်ပါသည်။ မီးဘေးပြီးလျှင် ဒုတိယအဖြစ်အများဆုံးဖြစ်ပြီးဘေးအန္တရာယ်များအားလုံး၏ ၁၁%ဖြစ်ပါသည်။

ရေလွှမ်းမိုးမှုသည် မိုးရာသီတွင် အများဆုံးဖြစ်ပွားလေ့ရှိပါသည်။ သာမန်အားဖြင့် မြန်မာနိုင်ငံတွင် မေလလယ်မှအောက်တိုဘာလအတွင်း မိုးရွာသွန်းလေ့ရှိပါသည်။ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလနှောင်းပိုင်းမှ အောက်တိုဘာလအထိကာလအတွင်း ရေလွှမ်းမိုးမှုအန္တရာယ်ကြုံရတတ်ပါသည်။ ဩဂုတ်လမုတ်သုံမိုးအများဆုံးရွာသွန်းချိန်တွင် ရေလွှမ်းမိုးမည့်အန္တရာယ်အများဆုံးဖြစ်ပါသည်။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏အောက်ပါဒေသအသီးသီးတွင် ရေလွှမ်းမိုးမှုအန္တရာယ် အမျိုးမျိုးဖြစ်ပွားလေ့ရှိပါသည်။

*မြောက်ပိုင်းနှင့်အလယ်ပိုင်းဒေသရှိ မြစ်ကြီးများအတွင်းသို့ ရေစီးဝင်သော ရေဝေရေလဲဒေသများ*၌ မြစ်ရေကြီးမှုဖြစ်ပွားလေ့ရှိပါသည်။ ဧရာဝတီမြစ်ဝှမ်းနှင့် ငှင်းမြစ် အတွင်းသို့ ရေစီးဝင်သောနယ်မြေဒေသသည်ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတစ်ဝှမ်းပါဝင်သဖြင့် နိုင်ငံ၏ ၆၀%မျှ ရှိပါသည်။ထို့ကြောင့် ရေလွှမ်းမိုးမှုများသည် နယ်မြေဒေသအနှံ့အပြားတွင်ဖြစ်ပွားနိုင်ပါသည်။

*မြစ်ဝကျွန်းပေါ်တောင်ပိုင်း*တွင် ဒီရေတက်ချိန်နှင့် မြစ်ရေစီးဆင်းမှု မြင့်မားချိန်တို့ တိုက်ဆိုင်သောအခါ၌ မြစ်ရေကြီးမှုဖြစ်ပွားပါသည်။ ၄င်းနယ်မြေများတွင် မြေသားတာမံများဖို့၍ ရေလွှမ်းမိုးမှုမှကာကွယ်တားဆီးသော်လည်းတစ်ခါတစ်ရံ တာတမံများအပေါ်သို့ ရေကျော်သဖြင့် အသက်ဆုံးရှုံးမှု၊ ပစ္စည်းဥစ္စာပျက်စီးမှုများ ဖြစ်ပွားလေ့ရှိပါသည်။

*ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ တောင်တန်း ဒေသများ*တွင် လျှပ်တစ်ပြက်ရေကြီးမှု ဖြစ်ပွားတတ်ပါသည်။ ကချင်ပြည်နယ်တွင် ဧရာဝတီမြစ်ဆုံ၌ ကုန်းမြင့်ပိုင်းမှနှင်းများအရည်ပျော်သဖြင့် နွေရာသီအစပိုင်းတွင် မကြာခဏ လျှပ်တစ်ပြက်ရေလွှမ်းမိုးမှုများ ဖြစ်ပွားတတ်ပါသည်။

*ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ*တစ်လျှောက်တွင် ဆိုင်ကလုန်းမုန်တိုင်း၏ နောက်ဆက်တွဲဘေးရန်ဖြစ်သော ရေလွှမ်းမိုးမှုများ ဖြစ်ပွားတတ်ပါသည်။

မြေပုံ ၂–၁။ မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားနိုင်သောနေရာဒေသပြမြေပုံ



Source: Power-point presentation by the Health Care Service Committee at"National workshop on Communicating Risks", Yangon, Myanmar, 30-31 May 2006

## ၂–၃ မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ရခြင်းအကြောင်းရင်းများ

jr pfa&Bu Djc i f – မြန်မာနိုင်ငံတွင် အဖြစ်အများဆုံး ရေလွှမ်းမိုးမှုမှာ မြစ်ရေကြီးခြင်း ဖြစ်ပါသည်။ မုတ်သုံ၏ယေဘုယျဖွဲ့စည်းမှုသည် မုတ်သုံလေဖိအားနည်းရပ်ဝန်းများနှင့် ပေါင်းစပ်မိသောအခါ မိုးသည်းထန်စွာရွာသွန်းသောကြောင့် မြစ်အတွင်းသို့ရေစီးဝင်သည့် အချက်အခြာကျသော နယ်မြေများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ပါသည်။

ဧရာဝတီမြစ် နှင့် ချင်းတွင်းမြစ် တို့မြစ်ဖျားခံရာ မြန်မာနိုင်ငံမြောက်ပိုင်းတွင် ၃ ရက်နှင့် အထက် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းပါက ၎င်းမြစ်များတွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ပါသည်။ ဧရာဝတီမြစ်အောက်ဘက်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ဖြစ်ပေါ်သော ရေလွှမ်းမိုးမှုအများစုမှာ ချင်းတွင်းမြစ်ရေလွှမ်းမိုးမှုနှင့် ဧရာဝတီမြစ်အထက်ပိုင်းရေလွှမ်းမိုးမှုတို့ တိုက်ဆိုင်သောအခါတွင် ဖြစ်ပေါ်ပါသည်။







*၂၀၀၄ ခုနှစ်၊ မြစ်ကြီးနားရေလွှမ်းမိုးမှု*

စစ်တောင်းမြစ် နှင့် သံလွင်မြစ် တို့တွင် မြန်မာနိုင်ငံ၏ အရှေ့ဘက်မှအနောက်ဘက်သို့ ဖြတ်၍ရွေ့လျားသောလေဖိအားနည်းရပ်ဝန်းများ (တောင်တရုတ်ပင်လယ်မှတိုင်ဖွန်းမုန်တိုင်းများ နှင့် အပူပိုင်းမုန်တိုင်း အကြွင်းအကျန်များ) ကြောင့် မိုးရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပွား ပါသည်။




*၁၉၇၄ ခုနှစ်၊ ပြည်မြို့ရေလွှမ်းမိုးမှု*

**ကမ်းရိုးတန်းဒေသရေလွှမ်းမိုးမှုများ** – ဘင်္ဂလားပင်လယ်အော်ရှိ အပူပိုင်းမုန်တိုင်းများကြောင့် မုန်တိုင်းဒီရေတက်ခြင်းများဖြစ်ပွားပြီး မုတ်သုံမတိုင်မီနှင့် မုတ်သုံလွန်ပြီးအချိန်များတွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်၌ ရေလွှမ်းမိုးမှုများဖြစ်ပွားပါသည်။

**မြို့ပြရေလွှမ်းမိုးမှုနှင့်ဒေသလိုက်ရေလွှမ်းမိုးမှု** – မြို့ကြီးများနှင့်မြို့ငယ်များတွင် ဒေသအလိုက် ရေလွှမ်းမိုးမှုများ ရံဖန်ရံခါဖြစ်ပွားတတ်ပါသည်။ တိမ်အများအပြားဖြစ်ထွန်းခြင်း၊ မြေလွှာအတွင်း ရေများပြည့်ဝနေခြင်း၊ ရေစိမ့်ဝင်မှုနှုန်းအားနည်းခြင်း၊ အခြေခံအဆောက်အဦ ဆောက်လုပ်မှုအားနည်းခြင်း (သို့မဟုတ်) မလုံလောက်ခြင်း(ဥပမာ ရေမြောင်းများပိတ်ဆို့နေခြင်း) စသည်တို့ ပေါင်းစပ်၍ဖြစ်ပေါ်ပါသည်။ ကျေးလက်ဒေသများတွင် ရေဒဏ်ခံနိုင်အောင် ဆောက်လုပ်ထားသော ရေကာတာများ၊ တမံများနှင့်တာများကျိုးပေါက်ခြင်းကြောင့် တန်ဖိုးရှိသော လယ်ယာမြေများပျက်စီးရပါသည်။




*၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ရန်ကုန်မြို့တွင်ရေလွှမ်းမိုးမှု*

**လျှပ်တစ်ပြက်ရေလွှမ်းမိုးခြင်း** – မြစ်ကြီးများနှင့်မြစ်လတ်များတွင်လျှပ်တစ်ပြက်ရေလွှမ်းမိုးခြင်းများ မကြာခဏဖြစ်ပွားပါသည်။ မြစ်၏မြစ်ဖျားခံရာဒေသတွင် တစ်ရက်မှ သုံးရက်အထိ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဖြစ်ပွားရပါသည်။ အလယ်ပိုင်းဒေသနှင့် နိုင်ငံတောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသတို့တွင်မြစ်ကမ်းပါးပြိုမှုများ မကြာခဏကြုံတွေ့ရပါသည်။




*ရွှေစက်တော်ဘုရားရေလွှမ်းမိုးမှု (၁၉၈၇ခုနှစ် ဧပြီလ ၁၂ ရက်)*

## ၂–၄ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သောရေလွှမ်းမိုးမှုကြီးများ

### (၁) မြန်မာနိုင်ငံအတွင်းရေလွှမ်းမိုးမှုမှတ်တမ်း(၁၉၆၆ခုနှစ်နောက်ပိုင်း)

| စခန်းများ | စိုးရိမ်ရေမှတ် (စင်တီမီတာ) | အမြင့်ဆုံးရေမှတ် (စင်တီမီတာ) | ရေလွှမ်းမိုး ကြာမြင့်ချိန် | စိုးရိမ်ရေမှတ် အထက်(မီတာ) | ခုနှစ် |
|---|---|---|---|---|---|
| **ဧရာဝတီ** | | | | | |
| ဟသ်ာတ | ၁၃၄၂ | ၁၅၈၂ | ၂၃ရက် ၁၂နာရီ | ၂.၄၀ | ၁၉၆၆ |
| ချောက် | ၁၄၅၀ | ၁၅၃၂ | ၁၂ရက် ၁၂နာရီ | ၀.၈၂ | ၁၉၇၄ |
| မင်းဘူး | ၁၇၀၀ | ၁၉၈၂ | ၁၇ရက် ၁၂နာရီ | ၂.၈၂ | ၁၉၇၄ |
| အောင်လံ | ၂၅၅၀ | ၂၇၃၇ | ၁၅ရက် | ၁.၈၇ | ၁၉၇၄ |
| ပြည် | ၂၉၀၀ | ၃၀၂၅ | ၁၃ရက် | ၁.၂၅ | ၁၉၇၄ |
| မြစ်ကြီးနား | ၁၂၀၀ | ၁၄၁၁ | ၄ရက် ၁၂နာရီ | ၂.၁၁ | ၁၉၇၉ |
| ကသာ | ၁၀၄၀ | ၁၁၅၄ | ၇ရက် ၆နာရီ | ၁.၁၄ | ၁၉၇၉ |
| ဗန်းမော် | ၁၁၅၀ | ၁၃၃၈ | ၈ရက် ၂နာရီ | ၂.၃၈ | ၂၀၀၄ |
| မန္တလေး | ၁၂၆၀ | ၁၃၈၂ | ၁၆ရက် | ၁.၂၂ | ၂၀၀၄ |
| စစ်ကိုင်း | ၁၁၅၀ | ၁၂၇၄ | ၁၇ရက် ၆နာရီ | ၁.၂၄ | ၂၀၀၄ |
| ညောင်ဦး | ၂၁၂၀ | ၂၂၆၃ | ၁၆ရက် ၁၂နာရီ | ၁.၄၃ | ၂၀၀၄ |
| **ချင်းတွင်း** | | | | | |
| ဟုမ္မလင်း | ၂၉၀၀ | ၃၁၀၇ | ၁၈ရက် ၆နာရီ | ၂.၀၇ | ၁၉၆၈ |
| မော်လိုက် | ၁၂၃၀ | ၁၆၀၈ | ၁၅ရက် ၁၂နာရီ | ၃.၇၈ | ၁၉၇၆ |
| ခန္တီး | ၁၃၆၀ | ၁၇၇၁ | ၁၈ရက် ၆နာရီ | ၄.၁၁ | ၁၉၉၁ |
| ကလေးဝ | ၁၅၅၀ | ၁၉၂၀ | ၁၀ရက် ၁၂နာရီ | ၃.၇၀ | ၂၀၀၂ |
| မုံရွာ | ၁၀၀၀ | ၁၀၉၉ | ၉ရက် ၆နာရီ | ၀.၉၉ | ၂၀၀၂ |
| **စစ်တောင်း** | | | | | |
| တောင်ငူ | ၆၀၀ | ၇၂၅ | ၁၆ ရက် ၁၈နာရီ | ၁.၂၅ | ၁၉၇၃ |
| မဒေါက် | ၁၀၇၀ | ၁၂၄၄ | ၃၁ ရက် | ၁.၇၄ | ၁၉၉၇ |
| **ဒုဋ္ဌဝတီ** | | | | | |
| သီပေါ | ၆၀၀ | ၆၁၈ | ၁၂နာရီ | ၀.၁၈ | ၁၉၇၁ |
| မြစ်ငယ် | ၈၇၀ | ၁၀၄၈ | ၈ ရက် ၆နာရီ | ၁.၇၈ | ၂၀၀၆ |
| **ရွှေကျင်** | | | | | |
| ရွှေကျင် | ၇၀၀ | ၉၂၇ | ၄ရက် ၁၂နာရီ | ၂.၂၇ | ၁၉၉၇ |
| **ပဲခူး** | | | | | |
| ပဲခူး | ၉၁၀ | ၉၅၀ | ၂ရက် ၆နာရီ | ၀.၄ | ၁၉၉၅ |
| **သံလွင်** | | | | | |
| ဖားအံ | ၇၅၀ | ၉၃၆ | ၃၈ ရက် | ၁.၈၆ | ၂၀၀၂ |

Source: မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## (၂) မြန်မာနိုင်ငံတွင်ရေလွှမ်းမိုးမှုကြောင့်ပျက်စီးဆုံးရှုံးမှုများ (၁၉၉၇ခုနှစ် မှ ၂၀၀၇ခုနှစ်အထိ)

| စဉ် | တည်နေရာ | နေ့စွဲ | ထိခိုက်သော ကျေးရွာ အုပ်စုနှင့် ကျေးရွာ အရေ အတွက် | ထိခိုက်သော အိမ်ထောင်စု အရေ အတွက် | ထိခိုက် သော မိသားစု အရေ အတွက် | ထိခိုက်သော လူဦးရေ | သေဆုံး သူ အရေ အတွက် | ဆုံးရှုံးမှု တန်ဖိုး (ကျပ် သိန်းပေါင်း) |
|---|---|---|---|---|---|---|---|---|
| ၁. | ဟုမ်းမလင်း၊ စစ်ကိုင်းတိုင်း | ၈-၇-၉၇ | ရပ်ကွက် ၂၃ ရှိ ကျေးရွာ ၅ရွာ | ၉,၉၁၆ | ၉,၉၅၀ | ၅၉,၅၉၄ | - | ၉၉ (၉,၀၀၀ ဒေါ်လာ) |
| ၂. | ဟုမ်းမလင်း၊ စစ်ကိုင်းတိုင်း | ၂၅-၉-၉၇ | ကျေးရွာ ၆၃ရွာ | ၃,၈၆၇ | ၃,၈၆၇ | ၂၈,၃၉၉ | - | ၂၃၈ (၂၁,၆၃၆ ဒေါ်လာ) |
| ၃. | ဖောင်ပြင်၊ စစ်ကိုင်းတိုင်း | ၁၁-၇-၉၇ | ကျေးရွာ ၅ရွာ | ၆,၆၅၂ | ၆,၆၅၂ | ၄၄,၁၄၃ | ၂ | - |
| ၄. | အမှတ် ၂ မြို့မ ရပ်ကွက်၊ မော်လိုက်၊ စစ်ကိုင်းတိုင်း | ၁၃-၇-၉၇ | ကျေးရွာ ၁၆ရွာ | ၃,၆၂၂ | ၃,၆၂၂ | ၂၁,၈၉၇ | - | - |
| ၅. | အမှတ် ၁၀ မြို့ပေါ် ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် | ၉-၇-၉၇ | ကျေးရွာ ၁၀ရွာ | ၄,၂၅၄ | ၄,၄၇၁ | ၃၀,၆၁၅ | ၄ | ၃၃ (၃,၀၀၀ ဒေါ်လာ) |
| ၆. | ကယန်းမြို့နယ်၊ ရန်ကုန်တိုင်း | ၇-၆-၉၇ | - | ၁,၁၈၉ | ၁,၁၈၉ | ၅,၈၇၈ | - | - |
| ၇. | ပဲခူးတိုင်း | ၇-၇-၉၇ | မြို့နယ် ၆မြို့နယ်ရှိ ကျေးရွာအားလုံး | ၆,၆၂၉ | ၆,၆၂၉ | ၃၃,၇၆၈ | ၅၀ | - |
| ၈. | ကရင်ပြည်နယ် | ၁-၈-၉၇ | မြို့နယ် ၅မြို့နယ်ရှိ ကျေးရွာအားလုံး | ၁၈,၈၀၄ | ၁၈,၈၅၅ | ၁၀၉,၈၄၀ | - | - |
| ၉. | ဖားအံ၊ ကရင်ပြည်နယ် | ၁၃-၈-၉၁ | ကျေးရွာ ၆ရွာ | ၂,၆၆၉ | ၂,၆၆၉ | ၁၄,၄၈၈ | - | - |
| ၁၀. | ကျောက်တော်၊ ရခိုင်ပြည်နယ် | ၁၀-၇-၉၇ | - | ၁,၀၃၀ | ၁,၀၃၀ | ၅,၉၈၃ | - | ၅၀ (၄,၅၄၅ ဒေါ်လာ) |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၁။ | ဝမ်းတွင်း၊ မန္တလေးတိုင်း | ၂-၆-၀၁ | သဲတော ကျေးရွာ | ၄၆၃ | ၁,၁၆၄ | ၂,၁၇၂ | ၄၂ | - |
| ၁၂။ | မုံရွာ၊ စစ်ကိုင်းတိုင်း | ၁၈-၈-၀၂ | - | ၉,၁၇၈ | ၉,၄၆၀ | ၄၈,၇၄၆ | - | ၂ဃ၅၃၅ (၂၁၃,၉၀၉ ဒေါ်လာ) |
| ၁၃။ | ဆားလင်းကြီး မြို့နယ်၊ စစ်ကိုင်းတိုင်း | ၁၈-၈-၀၂ | - | ၁,၆၄၇ | ၁,၇၀၂ | ၁၀,၂၁၆ | - | - |
| ၁၄။ | ကနီမြို့နယ်၊ စစ်ကိုင်းတိုင်း | ၁၉-၈-၀၂ | - | ၂,၀၄၂ | ၂,၂၀၇ | ၁၂,၀၄၈ | - | ၂ဃ၄၄၇ (၂၂၂,၄၅၄ ဒေါ်လာ) |
| ၁၅။ | ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ် | ၁၉-၈-၀၂ | - | ၈၂၉ | ၈၂၉ | ၄,၆၈၆ | - | ၄၁၄ (၃၇,၆၃၆ ဒေါ်လာ) |
| ၁၆။ | ထ/၁၆ ရပ်ကွက်၊ ရွှေပြည်သာ မြို့နယ်၊ ရန်ကုန်တိုင်း | ၈-၉-၀၂ | - | ၈၈၆ | ၈၈၆ | ၄,၅၄၁ | - | - |
| ၁၇။ | ခမ်းမတီမြို့နယ်။ စစ်ကိုင်းတိုင်း | ၃-၇-၀၃ | - | ၁,၂၃၀ | ၁,၅၃၆ | ၈,၁၃၁ | - | - |
| ၁၈။ | ကျောက်ဆည် ခရိုင်၊ မန္တလေးတိုင်း | ၉-၁၀-၀၆ | ရပ်ကွက် ၄၃ ရှိ ကျေးရွာ အားလုံး | ၁,၄၄၃ | ၁,၇၆၃ | ၇,၀၄၅ | - | ၃၅၁ (၃၁,၉၀၉ ဒေါ်လာ) |
| ၁၉။ | စစ်ကိုင်းတိုင်း | ၁၁-၉-၀၆ | **Yaymyet gyi** ကန်အနီးရှိ ကျေးရွာ ၆ရွာ | ၇၇၀ | ၇၉၁ | ၅,၇၇၂ | - | - |
| ၂၀။ | ကျောက်ပန်းတောင်း မြို့နယ်၊ မန္တလေးတိုင်း | ၉-၁၀-၀၆ | ကျေးရွာ ၂ရွာ | ၁၄ | ၁၈ | ၉၇ | ၁၆ | - |
| ၂၁။ | ပန်းမော်၊ ရွှေကူ၊ မြစ်ကြီးနား မြို့နယ်များ၊ ကချင်ပြည်နယ် | ၂၄-၇-၀၇ | - | ၆၀၀ | ၆၀၀ | ၃,၁၆၇ | - | - |

Source: Hazard Profile of Myanmar

# t ce;3

## a&vr;r;rab; tE&m , avsmyg;apa&;Ei Bu lkwijyi q ia&; tp trrsm;

လွန်ခဲ့သောဆယ်စုနှစ်(၂)ခုအတွင်းတွင် မြန်မာနိုင်ငံ၌ မုတ်သုံရာသီမှာ တိုတောင်းလာသော်လည်း မုတ်သုံလေပိုမိုအားကောင်းလာကာ မိုးရွာသွန်းမှုပိုမိုသည်းထန်လာကြောင်း တွေ့ရှိရပါသည်။ ဥပမာ – ၂၀၀၈ ခုနှစ်တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့်ရခိုင်ပြည်နယ်တို့တွင် နှစ်စဉ်မိုးရွာသွန်းမှုမှာ ပုံမှန်ရွာသွန်းသည့်ပမာဏထက် သိသိသာသာပိုမိုခဲ့ပါသည်။ ဘေးအန္တရာယ်ကြောင့်ထိခိုက်ခံရနိုင်မှုလျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးအစီအမံများကို ထိရောက်စွာဆောင်ရွက်ခြင်းမပြုနိုင်ပါက ရေလွှမ်းမိုးမှုများကြောင့် အသက်ဆုံးရှုံးမှု၊ ပိုင်ဆိုင်ပစ္စည်းဆုံးရှုံးမှု၊ အရေးပါသော အခြေခံအဆောက်အဦပျက်စီးမှု၊ သီးနှံနှင့်မွေးမြူရေးတိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုတို့အပါအဝင်ဆိုးကျိုးများဖြစ်ပေါ်ပြီး နိုင်ငံတစ်နိုင်ငံလုံးအတွက် စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

ပုံ ၃–၁။ မြန်မာနိုင်ငံအတွင်းနှစ်အလိုက်ဖြစ်ပေါ်သော
အနောက်တောင်မုတ်သုံရာသီကာလ (၁၉၅၆ မှ ၂၀၀၀ ပြည့်နှစ်)




Source: မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## ၃-၁ ရေလွှမ်းမိုးမှုဘေးဒဏ်နည်းပါးသက်သာစေခြင်း

ရေလွှမ်းမိုးမှုဘေးဒဏ်နည်းပါးသက်သာစေခြင်းဆိုသည်မှာ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ခံရနိုင်မှုကို လျော့ပါးစေရန်အတွက် ဆောင်ရွက်နိုင်သော ကာလရှည်အစီအမံများကို ဆိုလိုပါသည်။ယင်းအစီအမံများတွင် ဆောက်လုပ်မှုဆိုင်ရာအစီအမံများနှင့် ဆောက်လုပ်မှုနှင့် မသက်ဆိုင်သောအစီအမံများ ပါဝင်ပါသည်။ ဆောက်လုပ်မှုဆိုင်ရာအစီအမံများ ဆိုသည်မှာ တာတမံများ၊ ရေကာတာများ၊ ဆည်များ၊ ဆည်မြောင်းစနစ်များ၊ မြေမြင့်တွင် မြို့ရွာများ အခြေချခြင်း၊ အိမ်ဆောက်လုပ်မှုပုံစံများစသည်ဖြင့် ဆောက်လုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကိုဆိုလိုပါသည်။ ဆောက်လုပ်မှုနှင့်မသက်ဆိုင်သောအစီအမံများတွင် လေ့ကျင့်သင်တန်းပေးခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ နားလည်မှုမြှင့်တင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုပုံသဏ္ဍာန်များပြောင်းလဲခြင်း၊ ရေလွှမ်းမိုးမှုကိုခံနိုင်ရည်ရှိသော သီးနှံများစိုက်ပျိုးခြင်း စသည်တို့ ပါဝင်ပါသည်။ ယင်းအစီအမံများတွင် ရပ်ရွာ၏ပါဝင်ဆောင်ရွက်မှုသာမက အစိုးရမှသာ ဆောင်ရွက်နိုင်သောလုပ်ငန်းများလည်းပါဝင်ပါသည်။ အချို့သောအစီအမံများ အထူးသဖြင့် ဥပဒေပြုခြင်းနှင့် မူဝါဒကိစ္စရပ်များမှာ ရပ်ရွာကဆောင်ရွက်၍ မရနိုင်ဘဲ အစိုးရမှစတင် ဆောင်ရွက်ရန်နှင့်တွန်းအားပေးဆောင်ရွက်ရန်တို့လိုအပ်ပါသည်။

### ၃-၁-၁ ဆောက်လုပ်မှုဆိုင်ရာရေလွှမ်းမိုးမှုနည်းပါးသက်သာစေရေးအစီအမံများ

ဆောက်လုပ်မှုဆိုင်ရာ ရေလွှမ်းမိုးမှုဘေးဒဏ်နည်းပါးသက်သာစေရေးအစီအမံများတွင် အောက်ဖော်ပြပါလုပ်ငန်းများ ပါဝင်ပါသည်။

### (က) ရေလွှမ်းမိုးမှုမှကာကွယ်ခြင်း

ရေလွှမ်းမိုးမှုကာကွယ်ခြင်းဆိုသည်မှာ သတ်မှတ်ထားသောနယ်မြေဒေသတစ်ခုအတွင်းသို့ ရေလွှမ်းမိုးမှုဖြစ်ပေါ်စေမည့် ရေအချို့(သို့မဟုတ်) အားလုံးကို မဝင်ရောက်နိုင်စေရန် တားဆီးနိုင်မည့် အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းကြီးများကို ကာလရှည် စီမံဆောင်ရွက်ခြင်း၊ ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ ရေလွှမ်းမိုးမှုမှ ကာကွယ်ခြင်းဆိုသည်မှာ ရေလွှမ်းမိုးမှုမှအပြည့်အဝကာကွယ်နိုင်မည်ဟုတစ်ထစ်ချမဆိုလိုဘဲရေလွှမ်းမိုးမှုမှ ထိန်းချုပ်နိုင်ခြင်းနှင့်ရေများသွယ်ထုတ်ခြင်းတို့အတွက်ဖြည့်ဆည်းဆောင်ရွက်ခြင်းဟုဆိုလိုခြင်းဖြစ်ပါသည်။ ရေလွှမ်းမိုးမှုမှကာကွယ်ခြင်းအစီအမံများတွင်တာတမံများကိုပိုမိုကြံ့ခိုင်စေခြင်း၊ တမံဆောက်လုပ်ခြင်းနှင့်အားဖြည့်ခြင်း၊ ရေသွယ်ထုတ်သည့်မြောင်းများအတွင်းရေစီးဆင်းမှု တိုးတက်ကောင်းမွန်စေရန်အတွက်ရေလွှဲလမ်းကြောင်းများဆောက်လုပ်ခြင်းတို့ပါဝင်ပါသည်။ ရေလွှမ်းမိုးမှုမှ ကာကွယ်ခြင်းအစီအမံတွင် အထူးအရေးပါသော အစိတ်အပိုင်းတစ်ရပ်မှာ ဆောက်လုပ်ပြီး အဆောက်အအုံများ စဉ်ဆက်မပြတ်လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေး လုပ်ဆောင်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်ဖြစ်ပါသည်။

## (ခ) ရေလွှမ်းမိုးမှုလျှော့ချခြင်း

ရေလွှမ်းမိုးမှုလျှော့ချခြင်းဆိုသည်မှာ သစ်တောပြန်လည်စိုက်ပျိုးခြင်းကဲ့သို့သော ဆောင်ရွက်မှုမျိုးဖြင့် ရေစီးဆင်းမှုပမာဏကိုလျှော့နည်းကျဆင်းစေခြင်း(အချို့သောနယ်မြေဒေသများတွင် ရေစိမ့်ဝင်မှုတိုးတက်များပြားစေခြင်းကြောင့် ရေလွှမ်းမိုးမှု နည်းပါးသက်သာစေသည့်နည်းလမ်းတစ်ရပ်ဖြစ်ပါသည်)၊ သစ်ပင်များပေါက်ရောက်မှုကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ ချောင်းများနှင့်အခြားရေဝပ်နိုင်သည့်နေရာများမှ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ရေကန်ကြီး၊ ရေကန်ငယ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည်တို့ဖြစ်ပါသည်။




*ရေလွှမ်းမိုးမှုလျော့နည်းစေရန် ရပ်ရွာလူထုအားဖြင့်ရေမြောင်းများဆယ်ယူရှင်းလင်းနေပုံ*

## (ဂ) ရေလွှမ်းမိုးမှုကိုလမ်းလွှဲပေးခြင်း

ရေလွှမ်းမိုးမှုကိုလမ်းလွှဲပေးရာတွင်တမံများ၊ တာများ၊ ရေကာတာများနှင့်ရေစီးလမ်းကြောင်းတိုးတက်ကောင်းမွန်စေခြင်းတို့ပါဝင်ပါသည်။ မြစ်များတစ်လျှောက် တာတမံများတည်ဆောက်ခြင်း၊ ကမ်းရိုးတန်းတစ်လျှောက်ပင်လယ်နံရံများတည်ဆောက်ခြင်းတို့ဖြင့် လွင်ပြင်များသို့ရေမဝင်စေရန် ထိန်းသိမ်းထားရှိနိုင်ပါသည်။ ဆည်များသည် ရေကိုထိန်းသိမ်းထားနိုင်ပြီး ရေကိုလိုအပ်သလိုလွှတ်ပေးနိုင်ပါသည်။ လျှောင်လူပ်ခြင်းကြောင့်တမံကျိုးခြင်းနှင့် တမံများမှ ရေလွှတ်ပေးသည့်လုပ်ငန်းပျက်ယွင်းသွားခြင်းတို့ကြောင့် မြေနိမ့်ဒေသများတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားနိုင်ပါသည်။

## (ဃ) ရေလွှမ်းမိုးမှုခံနိုင်ရည်ရှိအောင်ဆောင်ရွက်ခြင်း

ရေလွှမ်းမိုးမှုခံနိုင်ရည်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ပျက်စီးနိုင်ခြေကို လျော့နည်းစေပါသည်။ ရေလွှမ်းမိုးမှုခံနိုင်ရည်ရှိစေမည့်အစီအမံများကို ကျောင်းများ၊ ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏နေအိမ်များအတွက် အသုံးချနိုင်ပါသည်။ ယင်းတို့ကို ရေလွှမ်းမိုးချိန်တွင်ယာယီခိုလှုံရာနေရာများအဖြစ် အသုံးပြုခြင်းကြောင့်ဖြစ်ပါသည်။ ရေလွှမ်းမိုးမှုခံနိုင်ရည်ရှိရေးအစီအမံများတွင်အစိုးရမှဆောင်ရွက်ပေးမှုကိုစောင့်ဆိုင်းမနေဘဲ ပိုင်ရှင်တစ်ဦးချင်းမှလည်း တာဝန်ယူဆောင်ရွက်နိုင်ပါသည်။

ရေလွှမ်းမိုးမှုခံနိုင်ရည်ရှိအောင်ဆောင်ရွက်ရာတွင်အဓိကနည်းလမ်း ၃ ရပ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

- အမြဲတမ်းအစီအမံများသည် ၎င်းတို့ကိုပုံစံထုတ်တည်ဆောက်ထားသည့်အတိုင်း ရေလွှမ်းမိုးမှုမှ ကာလကြာရှည်စွာကာကွယ်ပေးနိုင်ပါသည်။ ၎င်းတို့သည် ရေကြီးမည့်သတိပေးချက် (သို့မဟုတ်) မိုးကြီးမည့်သတိပေးချက်တို့အပေါ် မှီတည်နေခြင်းမဟုတ်ပါ။
- အခြေအနေအရဆောင်ရွက်ရသောအစီအမံများမှာ သတိပေးချက်(သို့မဟုတ်) ခန့်မှန်းချက်လက်ခံရရှိပြီးနောက် အစီအမံများကို လုပ်ဆောင်ခြင်းမရှိပါက ထိရောက်မည် မဟုတ်သောအစီအမံများဖြစ်ပါသည်။
- အရေးပေါ်အစီအမံများမှာ အမှန်တကယ်ရေလွှမ်းမိုးစဉ် အရေးပေါ်လုပ်ဆောင်သောအစီအမံများ(သို့မဟုတ်) ကြိုတင်၍ရေးဆွဲထားသော အရေးပေါ်လုပ်ငန်းအစီအစဉ်နှင့်အညီလုပ်ဆောင်သောအစီအမံများဖြစ်ပါသည်။

ရပ်ရွာအဆင့်တွင် အဆောက်အအုံများ (သို့မဟုတ်) နေအိမ်များအတွက် ရေလွှမ်းမိုးမှုခံနိုင်ရည်ရှိစေရန်လုပ်ဆောင်သည့်နည်းလမ်းအမျိုးမျိုးရှိပါသည်။ အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

### *၁။ အဆောက်အအုံများကိုမြှင့်၍ဆောက်လုပ်ခြင်း*

ဤနည်းဖြင့်ထိခိုက်ပျက်စီးနိုင်သော အဆောက်အအုံအစိတ်အပိုင်းများသို့ ရေမရောက်ရှိစေရန်ဆောင်ရွက်နိုင်ပါသည်။ အဆောက်အအုံ(သို့မဟုတ်) အိမ်တစ်လုံးချင်းကို မြေဖို့၍မြှင့်တင်ဆောက်လုပ်ခြင်း၊ တိုင်များထူ၍ pile တိုင်များစိုက်၍ (သို့မဟုတ်) နံရံများတည်ဆောက်၍၎င်းတို့အပေါ်တွင် ဆောက်နိုင်ပါသည်။ အဆောက်အအုံ၏အမြင့်မှာ ရေလွှမ်းမိုးသည့်အမြင့်ကိုလွတ်ရန် လုံလောက်မှုရှိရပါမည်။ သို့ဖြင့် ရေလွှမ်းမိုးသောအခါတွင် အဆောက်အအုံအောက်မှ ရေများစီးသွားပြီး ထိခိုက်ပျက်စီးမှုအနည်းငယ်(သို့မဟုတ်) လုံးဝမဖြစ်နိုင်ပါ။

အဆောက်အအုံများ နိမ့်ကျသွားခြင်း (သို့မဟုတ်) စောင်းသွားခြင်းများ မဖြစ်စေရန်အတွက် အုတ်မြစ်ပုံစံစနစ်တကျထုတ်၍ တည်ဆောက်မှုကို အထူးအာရုံစူးစိုက်ရန် လိုအပ်ပါသည်။




*ရေလွှမ်းမိုးချိန်တွင် ရပ်ရွာလူထုခိုလှုံနိုင်ရန် ရေလွတ်ရာအမြင့်တွင် ဆောက်လုပ်ထားသောဘုန်းတော်ကြီးကျောင်း*

## ၂။ အဆောက်အအုံနှင့်ရေကြီးမှုကြားတွင် အတားအဆီးများတည်ဆောက်ခြင်း

အိမ်ခြံမြေ၊အဆောက်အအုံအတွင်းသို့ ရေများမဝင်ရောက်စေရန် တားဆီးကာကွယ်သည့် သင့်တင့်လျောက်ပတ်သော အစီအမံများဆောင်ရွက်ခြင်းဖြင့် ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးနိုင်မှုအချို့ကို နည်းပါးနိုင်သမျှနည်းပါးအောင်ဆောင်ရွက်နိုင်ပါသည်။ အတားအဆီးများ (တမံများ၊ အားဖြည့်ထားသောရေလွှမ်းမိုးမှုတားဆီးသည့်နံရံများ)ကို အဆောက်အအုံပတ်လည်တွင်တည်ဆောက်နိုင်ပါသည်(သို့မဟုတ်) အဆောက်အအုံ၏ ရေလွှမ်းမိုးလာနိုင်သည့် အပိုင်းတွင်တည်ဆောက်နိုင်ပါသည်။ ရေလွှမ်းမိုးမှုကြောင့်အဆောက်အအုံကို ထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ရန်ဖြစ်ပါသည်။ အတားအဆီးများကို မြေသား၊ ကွန်ကရစ်၊ ဘိလပ်မြေ (သို့မဟုတ်) သံမဏိဖြင့်ပြုလုပ်နိုင်ပါသည်။ ရေယိုစိမ့်ခြင်းမရှိစေရန်အတွက် ဂရုစိုက်ဆောင်ရွက်ရပါမည်။ ဤနည်းလမ်းကို အသုံးပြုရာတွင် ရေလွှမ်းမိုးမှုနှင့်မလွတ်သော နေရာများအားလုံးကို ရေယိုစိမ့်မှုမရှိစေရန်ရေလုံစေရပါသည်။ နံရံများအားရေစိုခံပစ္စည်း (သို့မဟုတ်) ပလပ်စတစ်စဖြင့် အုပ်ပြီးတံခါးများ၊ ပြတင်းပေါက်များ၊ မိလ္လာပိုက်လိုင်းများ၊ လေဝင်ပေါက်များကဲ့သို့သော အပေါက်များအားလုံးကို ယာယီအားဖြင့် သဲအိတ်များ (သို့မဟုတ်) ဖယ်ရှားနိုင်သောအကာများ (သို့မဟုတ်) တရုတ်ကပ်များဖြင့် ပိတ်ထားရပါသည်။ အဆောက်အအုံအတွင်းသို့ မြင့်တက်

လာသောရေများ မဝင်နိုင်စေရန်ဖြစ်ပါသည်။ ထိုသို့သောကာကွယ်စောင့်ရှောက်မှု နည်းလမ်းကို အသုံးပြုပါက ရေများကိုအဆောက်အအုံမှဝေးရာသို့ စုပ်ထုတ်ရန်လုံလောက်သော ရေစုပ်ထုတ်မှု အစီအစဉ်တစ်ရပ်ကိုလည်း တစ်ပါတည်း ပြုလုပ်ထားရပါမည်။

*၃။ ခြောက်သွေ့ရေလွှမ်းမိုးမှုကာကွယ်ခြင်း (သို့မဟုတ်) အလုံပိတ်ခြင်း*

ဤနည်းလမ်းတွင်အဆောက်အအုံနံရံများနှင့် ကြမ်းပြင်တို့ကို ရေမယိုစိမ့်ဘဲ ရေလုံစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤနည်းလမ်းတွင်အဆောက်အအုံများအတွင်း ရေလုံးဝမဝင်နိုင်စေရန်အလုံပိတ်ရမည်ဖြစ်ခြင်းကြောင့်ရေလွှမ်းမိုးမှုတိမ်သောနယ်မြေဒေသများတွင်သာ အသုံးပြုနိုင်ပါသည်။ ဆိုလိုသည်မှာရေလွှမ်းမိုးရာတွင်ရေမျက်နှာပြင် ၁ မီတာထက်မပိုသော နယ်မြေဒေသများနှင့် ရေလွှမ်းမိုးသောအခါတွင် ရေစီးဆင်းမှုနှုန်းနည်းသော နေရာများတွင်သာ အသုံးပြုနိုင်ပါသည်။ ရေဝင်နိုင်သောအပေါက်ကိုပိတ်ရန် (သို့မဟုတ်)အဆောက်အအုံ၏ အန္တရာယ်ကျရောက်လွယ်သော၊ ခံနိုင်ရည်နည်းပါးသော၊ အားနည်းသောအစိတ်အပိုင်းကို ကာကွယ်ရန်အတွက် သဲအိတ်များကို ယာယီအသုံးပြုနိုင်ပါသည်။

*၄။ အခြားသောပစ္စည်းကိရိယာလုပ်ငန်းဆောင်တာများကို ကာကွယ်စောင့်ရှောက်ခြင်း*

- ပစ္စည်းများကိုယာယီဖယ်ရှားခြင်း– အချို့သောနယ်မြေဒေသများတွင်ပစ္စည်းများ၊ ကိရိယာများ၊ ကုန်စည်များကို အရေးပေါ်အခြေအနေဖြစ်ပွားလာသောအခါတွင်ယာယီဖယ်ရှား ထားပါက ထိခိုက်ပျက်စီးမှုများ အများအပြားလျော့နည်းကျဆင်းသွားနိုင်ပါသည်။

- ရေလုံသည့်သိုလှောင်ရုံများ – ရေလွှမ်းမိုးလေ့ရှိသောနယ်မြေဒေသများတွင် ရေလုံအဖုံးများပါ သိုလှောင်ကန်များပြုလုပ်ထားခြင်းဖြင့် ကုန်ပစ္စည်းများ၊ ပစ္စည်းကိရိယာများကို ရေလွှမ်းမိုး၍ ထိခိုက်ပျက်စီးခြင်းမှ တားဆီးကာကွယ်နိုင်ပါသည်။

- စနစ်တကျချည်နှောင်ထားခြင်း – ရေလွှမ်းမိုးစဉ်အတောအတွင်း အချို့သောပစ္စည်းများနှင့် ရေမျောနိုင်သောအဆောက်အအုံများ(ဥပမာ–သစ်သားအဆောက်အအုံများ)သည် မြေနိမ့်သို့ မျောပါသွားနိုင်သဖြင့်ပစ္စည်းဆုံးရှုံးရသည့်အပြင် ရေစီးကြောင်းတွင် အပျက်အစီးများနှင့် အမှိုက်သရိုက်များစုပုံလာနိုင်ပါသည်။ ထိုသို့သော အဆောက်အအုံများကို ခိုင်မြဲစွာချည်နှောင် ထားခြင်းဖြင့် ထိခိုက်ပျက်စီးမှုများကို လျှော့ချနိုင်ပါသည်။

- ဝန်ဆောင်မှုလုပ်ငန်း၊ ရေပေးဝေခြင်းနှင့် ဖြန့်ဖြူးခြင်းကဲ့သို့သော စနစ်များကို ယိုစိမ့်ဝင်ထွက်မှု ရှိ–မရှိ စစ်ဆေးပြီး ပြုပြင်ရပါမည်။ ရေလွှမ်းမိုးမှုကြောင့် ပြင်ပမှရေများ ယိုစိမ့်ဝင်ပြီး ညစ်ညမ်းမှုမရှိစေရန်ဖြစ်ပါသည်။

## (င) အင်ဂျင်နီယာနည်းပညာဖြင့် ဆောက်လုပ်ထားသောအဆောက်အအုံများ

ရေလွှမ်းလွင်ပြင်များတွင် အင်ဂျင်နီယာနည်းပညာဖြင့် အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အဆောက်အအုံများကို ရေလွှမ်းမိုးမှုဒဏ်နှင့် ယိုစိမ့်မှုတို့ခံနိုင်ရန် အားဖြည့်ပေး

ခြင်းတို့ကို ပြုလုပ်ခြင်းဖြစ်ပါသည်။ အဆောက်အအုံများကိုမြှင့်၍ တည်ဆောက်သင့်ပါသည်။ လိုအပ်ပါက ခြေတံရှည်အနေဖြင့်လည်းကောင်း၊ မြှင့်ထားသောမြေနေရာတွင်လည်းကောင်း တည်ဆောက်ရန် ဖြစ်ပါသည်။ အင်ဂျင်နီယာနည်းပညာဖြင့် တည်ဆောက်ထားသော အဆောက်အအုံများသည် အစီအစဉ်ရေးဆွဲခြင်း၊ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်းများတွင် ဗိသုကာများနှင့် အင်ဂျင်နီယာများ ပါဝင်ဆောင်ရွက်ရပါသည်။ ရိုးရှင်းသောနေအိမ်များမှ အထပ်များစွာပါဝင်သော ရုံးအဆောက်အအုံများအထိ အမျိုးမျိုးသော အဆောက်အအုံများနှင့် လျှပ်စစ်ဓာတ်အားတိုင်များ၊ ရေကာတာများ၊ တာတမံများ၊ ဆိပ်ကမ်းများ၊ လမ်းများ၊ ရထားလမ်းများ၊ တံတားများကဲ့သို့သော အခြေခံအဆောက်အဦများအထိ ပါဝင်နိုင်ပါသည်။ ပညာရှင်များသည် အဆောက်အအုံပိုင်းအန္တရာယ်ကင်းရှင်းရေးစံချိန်စံနှုန်း လိုအပ်ချက်များ ပြည့်မီစေရန် အဆောက်အအုံများနှင့် အခြေခံအဆောက်အဦများတည်ဆောက်ခြင်းကို အစီအစဉ်ရေးဆွဲခြင်း၊ ပုံစံထုတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများပြုလုပ်ရန် လေ့ကျင့်သင်တန်း ပေးမှုရရှိထားသူများ ဖြစ်သော်လည်း ၎င်းတို့အနေဖြင့် ရေလွှမ်းမိုးမှုများအပါအဝင် ဘေး အန္တရာယ်ကျရောက်မှု အမျိုးမျိုးကိုခံနိုင်ရည်ရှိမည့်အဆောက်အအုံများ ပုံစံထုတ်တည်ဆောက်ရန် အတွက် အန္တရာယ်ကျရောက်မှုနည်းပါးသက်သာစေရေး လုပ်နည်းလုပ်ဟန်များကို ပေါင်းစည်း ထည့်သွင်းနိုင်ရေး ထပ်မံလေ့ကျင့်သင်တန်းပေးမှုများ လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။

## (စ) အင်ဂျင်နီယာနည်းပညာဖြင့် ဆောက်လုပ်ထားခြင်းမရှိသော အဆောက်အအုံများ

အင်ဂျင်နီယာနည်းပညာဖြင့် ဆောက်လုပ်ထားခြင်းမရှိသော အဆောက်အအုံများမှာ ပိုင်ရှင်များကိုယ်တိုင် ဆောက်လုပ်ထားသော အဆောက်အအုံများ (သို့မဟုတ်) နယ်မြေခံ လက်သမားဆရာများ၊ ပန်းရံဆရာများက တည်ဆောက်ထားသော အဆောက်အအုံများဖြစ် ပါသည်။ ယေဘုယျအားဖြင့် ၎င်းတို့သည်စနစ်တကျလေ့ကျင့်ထားခြင်းမရှိကြပါ။ အဆောက် အအုံများမှာ အဓိကအားဖြင့် ရိုးရှင်းသောနေအိမ်များနှင့် အများပိုင်အဆောက်အအုံများဖြစ်ပြီး နယ်မြေဒေသထွက်ပစ္စည်းများဖြင့် ရှေးရိုးစဉ်လာအတိုင်း တည်ဆောက်ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ဘေးအန္တရာယ်ကျရောက်မှုအချို့တွင် အင်ဂျင်နီယာနည်းပညာဖြင့် ဆောက်လုပ် ထားခြင်းမရှိသော အဆောက်အအုံများ ပြိုကျခြင်းကြောင့် သေဆုံးသူများပြားပြီး စီးပွားရေး နစ်နာဆုံးရှုံးမှုများ ဖြစ်ပွားရပါသည်။ အင်ဂျင်နီယာနည်းပညာဖြင့် ဆောက်လုပ်ထားခြင်း မရှိသော အဆောက်အအုံများ၏ အန္တရာယ်ကင်းရှင်းမှု တိုးတက်မြင့်မားစေရေးအတွက် ၎င်းအဆောက်အအုံများကို မြေပြိုမှုဖြစ်ပွားတတ်သည့် မတ်စောက်သော တောင်စောင်းများ၊ လျှပ်တစ်ပြက်ရေလွှမ်းမိုးမှုဖြစ်ပွားတတ်သည့် နယ်မြေဒေသများ၊ မြစ်ကမ်းပါးတိုက်စား တတ်သည့်နေရာများ (သို့မဟုတ်) မုန်တိုင်းဒီရေတက်တတ်သည့် ကမ်းရိုးတန်းနယ်မြေဒေသ များကဲ့သို့သောဘေးရန်ကျရောက်လွယ်သည့် နေရာများတွင်တည်ဆောက်ထားခြင်းမရှိစေရေး ဆောင်ရွက်ရန်အရေးကြီးပါသည်။ သို့ရာတွင် လူတို့သည် မိမိတို့အစဉ်အဆက်နေထိုင်လာသော နေအိမ်များနှင့်မျိုးရိုးစဉ်ဆက်နေထိုင်လာသော နယ်မြေဒေသများမှာ ဘေးရန်ကျရောက်နိုင် စေကာမူ ၎င်းနယ်မြေဒေသများကိုစွန့်ခွာလိုခြင်းမရှိကြပါ။ စီးပွားရေးဖိအားပေးမှု များကြောင့်လည်း လူအများသည် ဘေးအန္တရာယ်ရှိသောနယ်မြေဒေသများတွင်အခြေချ နေထိုင်

တတ်ကြပါသည်။ လက်တွေ့ဆောင်ရွက်နိုင်မည့် နေရာဒေသတိုင်းတွင် ဘေးအန္တရာယ်ရှိသော နယ်မြေဒေသများကို လူများစွန့်ခွာစေရန်အတွက် ဆွဲဆောင်မှုများဖြင့် စည်းရုံးသင့်ပါသည်။ အခြားနည်းလမ်းတစ်ရပ်မှာလက်တွေ့ဆောင်ရွက်ရန်လည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဖြစ်နိုင်ပါက အင်ဂျင်နီယာနည်းပညာဖြင့် လျော်ညီစွာဆောက်လုပ်ထားသော အဆောက်အအုံများကိုအစားထိုးရန် စဉ်းစားနိုင်ပါသည်။ သို့မဟုတ် အင်ဂျင်နီယာနည်းပညာဖြင့် ဆောက်လုပ်ထားခြင်းမရှိသော အဆောက်အအုံများ အန္တရာယ်ကင်းရှင်းမှု တိုးတက်စေရန်အတွက် ဘေးလျော့ပါးသက်သာစေရေးအစီအမံများကို အသုံးပြုနိုင်ပါသည်။

### ၃-၁-၂ အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် မသက်ဆိုင်သောရေလွှမ်းမိုးမှုဘေး လျော့ပါးသက်သာစေရေးအစီအမံများ

### (က) ရေလွှမ်းမိုးမှုဘေးရန်မြေပုံ

ရေလွှမ်းမိုးမှုဖြစ်ပွားလေ့ရှိသောဒေသပြမြေပုံရေးဆွဲခြင်းမှာ မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ထိခိုက်နိုင်ခြေလျှော့ချရေးအတွက် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ သမိုင်းမှတ်တမ်းများအရ ရေလွှမ်းမိုးတတ်သောနယ်မြေဒေသများနှင့် ရေလွှမ်းမိုးတတ်သည့်အချိန်ကာလ၊ ရေလွှမ်းမိုးတတ်သည့်နယ်မြေ အတိုင်းအတာတို့ကို သိရှိနိုင်ပါသည်။ အခြေခံမြေပုံကို အခြားမြေပုံများ၊ အချက်အလက်များဖြင့်ပေါင်းစပ်လျက် ရေလွှမ်းမိုးသောနယ်မြေ၏ ပြည့်စုံသောပုံတစ်ရပ်ကိုရေးဆွဲနိုင်ပါသည်။ ရေလွှမ်းမိုးမှုပြမြေပုံများသည် ကြိုတင်ပြင်ဆင်ရေးအစီအစဉ်များရေးဆွဲရန်အတွက်ဆုံးဖြတ်ချက်များချမှတ်ရန် အခြေခံအဖြစ်လွန်စွာအသုံးဝင်ပါသည်။ ရေလွှမ်းမိုးမှုပြ မြေပုံရေးဆွဲခြင်းဖြင့် ရေလွှမ်းမိုးမှုဖြစ်ပွားစဉ်ရေစီးဆင်းပုံကိုလည်း စနစ်တကျဖော်ပြနိုင်မည်ဖြစ်ပါသည်။

### (ခ) မြေယာအသုံးချမှုအစီအစဉ်

မြေယာအသုံးချမှုထိန်းချုပ်ခြင်းဖြင့် ရေလွှမ်းလွင်ပြင်နှင့် ကမ်းရိုးတန်းဒေသများတွင် ရေလွှမ်းမိုးသောအခါ အသက်အန္တရာယ်နှင့်ပစ္စည်းဆုံးရှုံးမှုကို လျှော့ချနိုင်ပါမည်။ အသက်ဆုံးရှုံးသူအရေအတွက်မှာ အန္တရာယ်ကျရောက်နိုင်သော နယ်မြေဒေသအတွင်းတွင် နေထိုင်သူဦးရေနှင့်ဆက်စပ်နေပါသည်။ ရပ်ကွက်များဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည့် နယ်မြေဒေသများတွင် လူနေသိပ်သည်းမှုလျှော့ချလျှင် ပိုမိုကောင်းမွန်ပါသည်။ မြို့ရွာများတည်ဆောက်ပြီးဖြစ်သောနယ်မြေဒေသများ၌အန္တရာယ်ကျရောက်လွယ်မှု လျှော့ချရန်အလို့ငှာ ပိုမိုကောင်းမွန်သောနေရာများသို့ရွှေ့ပြောင်းရန်အစီအမံများဆောင်ရွက်သင့်ပါသည်။ ရေအကြီးအကျယ် လွှမ်းမိုးနိုင်သော နယ်မြေဒေသများတွင် အိုးအိမ်ဖွံ့ဖြိုးရေးလုပ်ငန်းကြီးများကို ခွင့်မပြုသင့်ပါ။ အရေးကြီးသော အဆောက်အအုံများကို အန္တရာယ်ကင်းရှင်းသောနေရာများတွင် တည်ဆောက်ရပါမည်။ မြို့ပြနယ်မြေဒေသများတွင် ရေထိန်းသိမ်းရန်နေရာအတွက် ရေကန်ကြီး၊ ရေကန်ငယ်များ၊ မြေနိမ့်နေရာများ ပြုလုပ်ဖန်တီးနိုင်ပါသည်။

မြေယာအသုံးချမှုအစီအစဉ်ရေးဆွဲခြင်းဖြင့်နယ်မြေဒေသတစ်ခုအတွင်းဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် နေရာသတ်မှတ်ခြင်းနှင့် ပုံစံဖော်ထုတ်ရေးဆွဲခြင်းတို့ကို သတ်မှတ်ပေးနိုင်ပါသည်။ ရည်ရွယ်ချက်မှာ ရေလွှမ်းမိုးလေ့ရှိသော နယ်မြေဒေသမှဝေးရာတွင် မြို့ရွာများ တိုးချဲ့ခြင်းနှင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို လမ်းညွှန်မှုပေးရန်ဖြစ်ပါသည်။ မြေယာအသုံးချမှုအစီအစဉ်ရေးဆွဲခြင်းကို ရေလွှမ်းမိုးနယ်မြေ၌လူသားဖွံ့ဖြိုးတိုးတက်မှုကို ထိန်းချုပ်ရန်အတွက်လည်း အသုံးပြုနိုင်ပါသဖြင့် နေထိုင်သူများအတွက် ရေလွှမ်းမိုးမှုအန္တရာယ်ကျရောက်လွယ်မှု လျှော့ချရန် ရည်ရွယ်ပါသည်။

မြေအသုံးချမှုအစီအစဉ်ရေးဆွဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ စနစ်တကျသတ်မှတ်ပြီးပါက လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်မှသာလျှင် ၎င်းအစီအမံများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါမည်။ စနစ်တကျအရေးယူဆောင်ရွက်ခြင်းဖြင့် မြစ်အတွင်းတရားမဝင်မြေများဖော်ယူခြင်းကဲ့သို့သော ဥပဒေနှင့်ဆန့်ကျင်သည့်လုပ်ငန်းများကို ကန့်သတ်ရာတွင် ထိရောက်စွာ အထောက်အကူပြုနိုင်ပါသည်။ ယင်းသို့သောဆောင်ရွက်မှုများမှာ မြစ်၏လမ်းကြောင်းကို များစွာပြောင်းလဲသွားစေနိုင်ပြီး မြစ်အောက်ပိုင်းရှိ ရပ်ရွာများအတွက် ပိုမိုကြီးမားသောအန္တရာယ် ဖြစ်စေနိုင်ပါသည်။ ချမှတ်ကျင့်သုံးသင့်သော မြေယာအသုံးချမှုစီမံခန့်ခွဲရေးအစီအမံများကို ဆုံးဖြတ်ရာတွင် အကျိုးစီးပွားပါဝင်ပတ်သက်သူများ ပါဝင်ဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။ ၎င်းတို့သည် နောက်ဆုံးအကျိုးကျေးဇူးခံစားရသူများဖြစ်ပြီး ယင်းစည်းမျဉ်းများကို အကောင်အထည်ဖော်ရာတွင် ကူညီပူးပေါင်းဆောင်ရွက်မည့်သူများ ဖြစ်နိုင်ပါသည်။ အရေးယူခြင်း၊ ပညာပေးခြင်းနှင့် ဆွဲဆောင်မှုအစီအမံများကို မှန်ကန်စွာပေါင်းစပ် အသုံးပြုရန်လိုအပ်ပါသည်။




*မြစ်ကွေ့များ၊ ရေလွှမ်းလွင်ပြင်နှင့် ရွှံ့နွံစီးဆင်းရာ နယ်မြေဒေသများတွင် အဆောက်အအုံများ မဆောက်လုပ်ပါနှင့်။*

## (ဂ) ဆောက်လုပ်ရေးစည်းမျဉ်းများ

ဆောက်လုပ်ရေးစည်းမျဉ်းများသည် သင့်တင့်လျောက်ပတ်သော ဒီဇိုင်းပုံစံနည်းလမ်းများနှင့် ဆောက်လုပ်ရေးနည်းလမ်းများအတွက် အထွေထွေလမ်းညွှန်ချက်များ ဖြည့်ဆည်းပေးပါသည်။ ဆောက်လုပ်ရေးစည်းမျဉ်းများတွင် ဘေးအန္တရာယ်ခံနိုင်ရည်ရှိသော ဆောက်လုပ်မှုများအတွက်အတိအကျသတ်မှတ်ဖော်ပြထားသောဒီဇိုင်းများနှင့်ဆောက်လုပ်ရေး သတ်မှတ်ချက်များကို ဖော်ပြထားသဖြင့် ဆောက်လုပ်ရေးစည်းမျဉ်းများ ချမှတ်ပြီး၊ လိုက်နာကျင့်သုံးမှုရှိစေရန် ဆောင်ရွက်ရပါမည်။

ရေလွှမ်းမိုးမှုခံနိုင်သော ဆောက်လုပ်မှုများအတွက် အဆောက်အအုံဒီဇိုင်းပုံစံဆိုင်ရာ အကြံပြုချက်အချို့ကို အောက်တွင်ဖော်ပြထားပါသည်။

*နေရာရွေးချယ်ခြင်း*

- သဘာဝအလျောက်ရေစီးဆင်းသော လမ်းကြောင်းများ၊ ရေစီးကြောင်းများနှင့်ရေဝပ်နယ်မြေများ၊ ကန့်သတ်ထားသောနေရာများ၊ ကြိုးဝိုင်းနေရာများကို ရှောင်ရှားပါ။
- ရေလွှမ်းမိုးချိန်တွင် ရေလွှတ်နိုင်ဖွယ်ရာရှိသည့် အမြင့်ထက်ပိုမိုမြင့်မားသော ခံနိုင်ရည်အရှိဆုံးမြေတွင် အဆောက်အအုံကိုတည်ဆောက်ပါ။




*ရေလွတ်နိုင်မည့်အမြင့်တွင်သာ အဆောက်အအုံများ ဆောက်လုပ်ပါ။*

- မြေမြင့်တွင်တည်ဆောက်ရန် မဖြစ်နိုင်ပါက မြေလုံးဝသိပ်သည်းမှုရှိပြီး သစ်ပင်များဖြင့် ဝိုင်းရံလျက် တည်ငြိမ်မှုရှိသည့်ကုန်းမြင့်များပေါ်တွင် အဆောက်အအုံကိုတည်ဆောက်ပါ။

*အုတ်မြစ်နှင့်အောက်ခံကျောက်များ*

- အောက်ခြေယိုယွင်းပျက်စီးခြင်း မဖြစ်စေရန်အုတ်မြစ်များကိုမြေဝင်နက်နက်စိုက်ရပါမည်။ (အနည်းဆုံး ၁–၂မီတာအနက်ရှိသင့်ပါသည်။) အောက်ခြေကျောက်မှာ အမြင့်ဆုံး ရေတက်နိုင်သည့်အမြင့်အထက်တွင်ရှိသင့်ပါသည်။

- အဆောက်အအုံများကို ခိုင်မာသောတိုင်များ (ခြေတံရှည်သို့မဟုတ် Pile တိုင်ရိုက်၍) မြှင့်တင်တည်ဆောက်နိုင်ပါသည်။

- အဆောက်အအုံတစ်ခုလုံးကို မြှင့်တင်ရန် မဖြစ်နိုင်ပါက ရေလွှမ်းမိုးမှုခိုလှုံရာနေရာအဖြစ် အသုံးပြုရန်အတွက် အနည်းဆုံးအခန်းတစ်ခန်း၏ကြမ်းပြင်ကို မြှင့်တင်ထားရှိပါ။

*အဆောက်အအုံပုံသဏ္ဍာန်*

- အဆောက်အအုံ၏ပုံသဏ္ဍာန်ကို ရေဒဏ်လျော့နည်းစေရန်အတွက် စက်ဝိုင်းပုံတည်ဆောက်နိုင်ပါသည်။

- ရေဝင်ရောက်လာမည့် ဘက်ခြမ်းတွင် V ပုံသဏ္ဍာန် တည်ဆောက်ထားပါက ကောင်းမွန်ပါသည်။ ဝင်ရောက်လာမည့်ရေကို မျက်နှာချင်းဆိုင်သည့် မျက်နှာပြင်တတ်နိုင်သမျှ နည်းပါးစေလျှင် အကောင်းဆုံးဖြစ်ပါသည်။

*အဆောက်အအုံဖွဲ့စည်းပုံ*

- ထောင့်များတွင်ခိုင်မာသောတိုင်များကို နက်ရှိုင်းသော အုတ်မြစ်များအတွင်းသို့ အခိုင်အမာ စိုက်၍အသုံးပြုပါ။ (ဖြစ်နိုင်ပါက သံကူအားဖြည့် ကွန်ကရစ်ကိုအသုံးပြုပါ။

- သစ်သားတိုင်များကို အသုံးပြုမည်ဆိုပါက လွတ်နေသောအမြင့်သည် ၂၂၅၀ မီလီမီတာထက် မပိုသင့်ပါ။ မြေအတွင်းတွင် ၆၀၀မီလီမီတာထက်မနည်း ခိုင်မြဲအောင်စိုက်ထားရပါမည်။

- ခြေတံရှည်အိမ်များသည် ခိုင်မာသောဘောင်ရှိပြီး အထက်အောက် မလန်စေရန်အတွက် ခိုင်မြဲစွာ တည်ဆောက်ထားရှိရပါမည်။

- အဆက်နေရာ အားလုံးကို သတ္တု (သို့မဟုတ်) ဝိုင်ယာကြိုးများဖြင့် ချည်နှောင်ထားရပါမည်။ ဝိုင်ယာကြိုးများ၊ သစ်သားစများဖြင့်ကန့်လန့်ဖြတ်ခိုင်မာအောင် တွဲထားရပါမည်။

*နံရံများနှင့်အပေါက်များ*

- နံရံအတွက် သက်ငယ်ကို အသုံးပြုပါက အပေါ်ပိုင်းနှင့် အောက်ပိုင်းဟု ၂ပိုင်း ထားရှိရပါမည်။ အဆောက်အအုံကိုဖြတ်သန်း၍ ရေများလွတ်လပ်စွာ စီးဆင်းသွားနိုင်ရန် အောက်ပိုင်းကို ဖြုတ်ယူနိုင်ရပါမည်။
- အုတ် သို့မဟုတ် ရွှံ့အုတ်ကဲ့သို့သော လွယ်ကူစွာဖြုတ်တပ်မရသောပစ္စည်းများကို အသုံးပြုမည်ဆိုပါက တံခါးများနှင့်ပြတင်းပေါက်များမှာ ရေဖြတ်သန်းစီးဆင်းသွားနိုင်ရန် နေရာအဖြစ် ရွေးချယ်ပြုလုပ်ထားရပါမည်။

*ခေါင်မိုး*

- ခေါင်မိုး၏အမြင့်မှာ ရေလွှမ်းမိုးနိုင်သည့်အမြင့်ထက် များစွာပို၍မြင့်ရပါမည်။
- ရေလွှမ်းမိုးမှုအရေးပေါ်ဖြစ်သောအခါ၌အိမ်သူအိမ်သားများအားလုံးခေါင်မိုးတွင်တက်ရောက်နေလျှင် အလေးချိန်ခံနိုင်လောက်အောင် ခိုင်ခံ့သည့် ပြန့်သော အပိုင်းတစ်ပိုင်း ထားရှိရပါမည်။

## (ဃ) ရေလွှမ်းမိုးမှုကြိုတင်ခန့်မှန်းခြင်းနှင့်သတိပေးခြင်း

သာမန်အားဖြင့် လျှပ်တစ်ပြက်ရေလွှမ်းမိုးမှုမှလွဲ၍အခြားရေလွှမ်းမိုးမှုများအတွက် ကြိုတင်သတိပေးချိန်ရနိုင်ပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်း၊ နှင်းကျခြင်းတို့ ပြင်းထန်ပါက မြစ်ရေကြီးလာနိုင်ကြောင်းသိစေနိုင်ပါသည်။ ကမ်းရိုးတန်း နယ်မြေဒေသများတွင် ဒီရေတက်ခြင်း၊ လေတိုက်နှုန်းပြင်းထန်ခြင်းကြောင့်ရေလွှမ်းမိုးနိုင်ကြောင်းသိရှိနိုင်ပါသည်။ ရေလွှမ်းမိုးလာနိုင်မှုအတွက် သင့်လျော်သောစောင့်ကြည့်ခြင်းနှင့် သတိပေးခြင်းတို့ဖြင့် ဘေးကင်းရာသို့ ကြိုတင်ပြောင်းရွှေ့စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင်ရေလွှမ်းမိုးမှု စောင့်ကြည့်ခြင်းနှင့် မိုးလေဝသ ကြိုတင်ခန့်မှန်းခြင်း၊ ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်းတို့ကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လုပ်ဆောင်လျက်ရှိပါသည်။ အဆိုပါ ဦးစီးဌာန၏ ဇလဗေဒဌာနခွဲလက်အောက်တွင် မြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်နှင့် ရွှေကျင်မြစ်တို့၏ မြစ်ရေကို စောင့်ကြည့်သော စခန်းများရှိပါသည်။ စိုးရိမ်ရေမှတ်အောက် ၁ မီတာခန့်သို့ မြစ်ရေရောက်ရှိသောအခါတွင် မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်ပါသည်။ မြစ်ရေကြီးခြင်းသတိပေးချက်ကို ၂၄ နာရီမှ ၇၂ နာရီ အနည်းဆုံး ကြိုတင်၍ ထုတ်ပြန်ပါသည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊

> **စစ်တောင်းမြစ်ရေ**
> **အခြေအနေ**
>
> နေပြည်တော် ဩဂုတ် ၁၉
>
> စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၃၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ (တစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ အောက်သို့ ကျဆင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*နေ့စဉ်သတင်းစာပါ*
*ရေကြီးခြင်းသတိပေးချက်*

မြေပုံ ၃–၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနလက်အောက်ရှိရာသီဥတုစခန်းများ၏တည်နေရာပြမြေပုံ




Source: မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

သတင်းစာမှလည်းကောင်း၊ ရေလွှမ်းမိုးမှုဖြစ်ပွားနိုင်သောနယ်မြေဒေသများရှိ အုပ်ချုပ်မှုအာဏာပိုင်များထံသို့ကြေးနန်း၊ တယ်လီဖုန်းဖြင့်လည်းကောင်းဖြန့်ဝေပေးပါသည်။ ရေလွှမ်းမိုးမှု ပြင်းထန်စွာဖြစ်ပွားမည်ဟု ခန့်မှန်းပါကသတိပေးချက်များကိုမြန်မာ့အသံမှ မကြာခဏထုတ်လွှင့်ပေးပါသည် (၃နာရီလျှင်တစ်ကြိမ်ဖြစ်ပါသည်)။ လျှပ်တစ်ပြက်ရေကြီးခြင်းအတွက်မူ ဘေးကင်းရာသို့ အချိန်မီပြောင်းရွှေ့ရန်ကြိုတင်သတိပေးချက်များရရှိနိုင်မည်မဟုတ်ပါ။

## (င) လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပညာပေးခြင်း

ရေလွှမ်းမိုးမှုကြောင့်ထိခိုက်ဆုံးရှုံးမှုလျော့ပါးစေရေးလုပ်ငန်းအစီအစဉ်များကို ပံ့ပိုးမှုပေးပြီး စနစ်တကျအကောင်အထည်ဖော်ရန်အတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပညာပေးခြင်း အစီအစဉ်များလိုအပ်ပါသည်။

ရပ်ရွာခေါင်းဆောင်များ၊ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်သော စေတနာ့ဝန်ထမ်းများ၊ လူငယ်များစသည်တို့အတွက်အထူးလေ့ကျင့်သင်တန်းများ ပို့ချပေးရပါမည်။ လေ့ကျင့်သင်တန်းပေးမှုများကို ရေလွှမ်းမိုးတတ်သည့်ရာသီ မကျရောက်မီ၂လခန့်အလိုတွင်နှစ်စဉ်ဆောင်ရွက်သင့်ပါသည်။ သင်တန်းပို့ချရာ၌ ကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကယ်ဆယ်ရေးစခန်းများစီမံခန့်ခွဲရေးကဲ့သို့သောသီးခြားအကြောင်းအရာများကို ထည့်သွင်းသင့်ပါသည်။

## (စ) ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများ

ပြည်သူလူထု၏အသိပညာပေးရေးလုပ်ငန်းများတွင်ရေလွှမ်းမိုးတတ်သည့် နယ်မြေဒေသများ၌ နေထိုင်သူများအား ရေလွှမ်းမိုးမှုကြောင့်ဖြစ်သည့် အန္တရာယ်များနှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိနားလည်မှုမြင့်မားစေရန်ဆောင်ရွက်သောလုပ်ငန်းများပါဝင်ပါသည်။ ၄င်းလုပ်ငန်းများတွင်ပညာပေးခြင်း၊ အသိပေးခြင်း၊ ရပ်ရွာအားရေလွှမ်းမိုးမှုနှင့်စပ်လျဉ်း၍သတိပေးခြင်း၊ ရေလွှမ်းမိုးသည့်အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အကူအညီပေးခြင်း၊ ပြင်ပမှအကူအညီနှင့် ပံ့ပိုးပေးမှုအပေါ် မှီခိုမှုနည်းပါးစေရန် ဆောင်ရွက်ပေးခြင်းတို့ပါဝင်ပါသည်။ သင့်လျော်သောလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ခံနိုင်ရည်ရှိမှု တိုးမြင့်လာပြီး အသက်ဆုံးရှုံးမှု၊ ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးမှုများကို တားဆီးကာကွယ်ရန် အထောက်အကူပြုပါသည်။ ရေလွှမ်းမိုးမှုနှင့်ပတ်သက်၍ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများ၏ ရည်ရွယ်ချက်များမှာ–

- ရေလွှမ်းမိုးမှု၏သဘောသဘာဝ၊ ဖြစ်နိုင်သောအကျိုးဆက်များနှင့် ထိခိုက်မှုများအကြောင်း အများပြည်သူသိမြင်နားလည်မှုတိုးတက်စေခြင်း
- မိသားစုအဆင့်တွင်ရပ်ရွာများ၌ ၎င်းတို့ကိုယ်တိုင်အကောင်အထည်ဖော်နိုင်သော ကြိုတင်ပြင်ဆင်မှု အစီအမံများအပေါ် အများပြည်သူသိမြင်နားလည်မှု တိုးတက်ကောင်းမွန်စေခြင်း

- ရေလွှမ်းမိုးမှုအတွက် ကြိုတင်သတိပေးစနစ်များ၊ သတိပေးအချက်ပြ သင်္ကေတများနှင့် ရေလွှမ်းမိုးမှုသတင်းအချက်အလက်များကို လက်ခံယူရန် ဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုး အကြောင်းကို အများပြည်သူအားအသိပေးခြင်း

- ဒေသခံအာဏာပိုင်များ (သို့မဟုတ်) ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ တို့၏ ရေလွှမ်းမိုးမှုအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ်များဆိုင်ရာ သတင်း အချက်အလက်များကိုဖြန့်ဝေ၍ ရေလွှမ်းမိုးမှုတုံ့ပြန်ရေး ညှိနှိုင်းလုပ်ငန်းများအတွက် ပံ့ပိုးမှု ပေးရန် နှိုးဆော်ခြင်း

အောက်ဖော်ပြပါတို့မှာ သိမြင်နားလည်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်သော နည်းလမ်းအချို့ဖြစ်ပါသည်။

- သတင်းမီဒီယာများ – ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဗီဒီယို၊ ဇာတ်လမ်းတို၊ ဓာတ်ပုံများ၊ အသံသွင်းတိတ်ခွေ သို့မဟုတ် ကက်ဆက်

- ပုံနှိပ်မီဒီယာများ – လက်ကမ်းစာစောင်များ၊ ဝေငှစာစောင်များ၊ စာအုပ်ငယ်များ၊ ပိုစတာ၊ ကြော်ငြာဆိုင်းဘုတ်

- ရပ်ရွာလုပ်ငန်းများ – အစည်းအဝေး၊ ရပ်ရွာဆွေးနွေးခြင်း

- ရပ်ရွာကိုဦးတည်သောလုပ်ငန်းအစီအစဉ်များ ဥပမာ ရပ်ကွက်ထဲတွင် ပြဇာတ် ကပြခြင်းများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ တစ်အိမ်တက်ဆင်း လှုပ်ရှားမှုများနှင့် စာသင်ကျောင်း လုပ်ငန်းအစီအစဉ်များဖြစ်ပါသည်။

## (ဆ) ရပ်ရွာအဆင့် ရေလွှမ်းမိုးမှုအန္တရာယ်လျော့ပါးသက်သာစေခြင်း

ရပ်ရွာ၏ အင်အားနှင့် စွမ်းဆောင်ရည်ဖြင့် လုပ်ဆောင်နိုင်သော ရေလွှမ်းမိုးမှုအန္တရာယ် နည်းပါးသက်သာစေရေး ထိရောက်သည့်အစီအမံများအဖြစ် အောက်ပါလုပ်ငန်းများကို အကြံပြုဖော်ပြပါသည်။

- ရေစီးကြောင်းအတွင်းအမှိုက်သရိုက်များကို ရှင်းလင်းခြင်း

- သစ်တောပြန်လည်စိုက်ပျိုးရေးလုပ်ငန်းအစီအစဉ်ချမှတ်ဆောင်ရွက်ခြင်း

- တာတမံနှင့် ရေတားနံရံတည်ဆောက်ခြင်း

- တာတမံများကိုပြင်ဆင်ရန်အတွက် သဲအိတ်များနှင့် လိုအပ်သောပစ္စည်းများစုပုံရန် အစုအဖွဲ့ များ စုဖွဲ့လျက် ရေလွှမ်းမိုးမှုကိုတိုက်ဖျက်ခြင်း

- ရေလွှမ်းမိုးမှုနှင့်သင့်လျော်သော လယ်ယာစိုက်ပျိုးသည့် လုပ်နည်းလုပ်ဟန်များကို ကျင့်သုံးခြင်း၊ ရေလွှမ်းမိုးသည့်ရာသီတွင် ရိတ်သိမ်းနိုင်ပြီးဖြစ်မည့် အထူးမျိုးစေ့များရရှိနိုင်ခြင်း
- နေအိမ်များ၏ရေလွှမ်းမိုးမှုခံနိုင်ရည်မြှင့်တင်ခြင်း
- ဘက်စုံအသုံးပြုနိုင်သော ခိုလှုံရာနေရာများ တည်ဆောက်ခြင်း
- တာတမံများကိုမြှင့်တင်ခြင်းဖြင့် ရေလွှမ်းမိုးသည့်အချိန်တွင် ရပ်ရွာလူထုသာမက မွေးမြူရေးတိရစ္ဆာန်များအတွက်လည်း ခိုလှုံရာနေရာဖြည့်ဆည်းပေးခြင်း

## ၃–၂ ရပ်ရွာအဆင့်တွင်ရေလွှမ်းမိုးမှုအတွက်ကြိုတင်ပြင်ဆင်ခြင်း

ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုရာ၌ ဘေးအန္တရာယ်၏ သက်ရောက်နိုင်မှုကို ကြိုတင်ခန့်မှန်းခြင်း၊ တုံ့ပြန်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းများဆိုင်ရာ စွမ်းဆောင်နိုင်စွမ်းမြှင့်တင်ပေးသည့် လုပ်ငန်းများပါဝင်ပါသည်။ အိမ်ထောင်စုများ၊ ရပ်ရွာများ၊ အဖွဲ့အစည်းများက ဘေးအန္တရာယ်ကျရောက်စဉ်နှင့်ကျရောက်ပြီးနောက် လိုအပ်သလို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်သတိပြုလုပ်ဆောင်ရမည့်အစီအစဉ်များ ပါဝင်နိုင်ပါသည်။

ရပ်ရွာအခြေပြုကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ၌ ကြိုတင်သတိပေးချက် ဖြန့်ဝေသည့်မှုစနစ်ကို ပုံစံရေးဆွဲခြင်း၊ ဘေးကင်းရာသို့ကြိုတင်ပြောင်းရွှေ့ခြင်းနှင့် ပြောင်းရွှေ့နေရာချထားခြင်းအတွက်အစီအစဉ်ရေးဆွဲခြင်း၊ အစားအစာနှင့် ရေသိုလှောင်ထားရှိခြင်း၊ ယာယီခိုလှုံရာ




*ရေလျှံမှုသက်သာလျော့နည်းစေရန်ရပ်ရွာအင်အားဖြင့်မြစ်ကမ်းပါးပိုမိုမြင့်မားခိုင်ခံ့စေရေးသဲအိတ်များဖို့နေပုံ*

နေရာတည်ဆောက်ခြင်း၊ စီမံခန့်ခွဲမည့် မဟာဗျူဟာများစီမံခြင်းနှင့် ဘေးအန္တရာယ်နှင့် အသွင်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အစမ်းလေ့ကျင့်ခန်းခြင်းတို့ဖြစ်ပါသည်။

## (က) ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့အစည်း

ရပ်ရွာတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုလျော့ပါးရေးဆိုင်ရာ ရပ်ရွာအခြေပြု အဖွဲ့ အစည်းတစ်ရပ် ဖွဲ့စည်းပြီးဖြစ်ပါက အကောင်းဆုံးဖြစ်ပါသည်။ မဖွဲ့စည်းရသေးပါက ရပ်ရွာအနေဖြင့် ရပ်ရွာအတွင်းအကျိုးစီးပွားပါဝင်သူများဖြင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းတစ်ရပ်ကို စုဖွဲ့နိုင်ပါသည်။ ဘေးအန္တရာယ်လျော့ပါးရေး ရပ်ရွာအခြေပြုအဖွဲ့အစည်းအောက်တွင် ကြိုတင်သတိပေးမှုဖြန့်ဝေခြင်း၊ ဘေးကင်းရာသို့ ပြောင်းရွှေ့ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်း စသည်တို့ကဲ့သို့သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းအမျိုးမျိုးဆိုင်ရာ သီးသန့်အုပ်စုခွဲ (သို့မဟုတ်) အစုအဖွဲ့များကို စုဖွဲ့နိုင်ပါသည်။

## (ခ) ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်

ရပ်ရွာအခြေပြုအဖွဲ့အစည်းသည် အစိုးရဌာနဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်း (အင်ဂျီအို) များနှင့် ရပ်ရွာခေါင်းဆောင်များ၏ အကူအညီနှင့် ရပ်ရွာတွင်နေထိုင်သူ များ၏ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲရပါ မည်။ ယင်းအစီအစဉ်တွင် ရပ်ရွာတွင်နေထိုင်သူများအနေဖြင့် ရေလွှမ်းမိုးမှု ကြိုတင် ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထည့်သွင်းရပါမည်။ ရပ်ရွာတွင် နေထိုင်သူ တစ်ဦးချင်းအနေဖြင့် အရေးပေါ်သတိပေးချက် လက်ခံရရှိသောအခါတွင်မိမိတို့ တစ်ဦးချင်း ဆောင်ရွက်ရမည့်တာဝန်များကို သိရှိရန်အတွက် ရပ်ရွာတွင်နေထိုင်သူ တစ်ဦးချင်း လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကိုလည်း ဖော်ပြရပါမည်။ အစီအစဉ်ရေးဆွဲပြီးစီးသော အခါတွင် ရပ်ရွာအစည်းအဝေး၌ အသိပေးပြောကြားခြင်း၊ ရပ်ကွက်/ကျေး ရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြော်ငြာသင်ပုန်းတွင်ကပ်ထားခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဈေးစသည်တို့တွင်ကပ်ထားခြင်းစသည့် နည်းလမ်းအမျိုးမျိုးဖြင့် ရပ်ရွာ အားအသိပေးပြောကြားပြီး ရပ်ရွာတွင်နေထိုင်သူများသည် အစီအစဉ်ပါ အကြောင်းအရာများ အားလုံးကို ကောင်းစွာသိရှိနားလည်စေရန် ဆောင်ရွက်ရပါမည်။ အစီအစဉ်၏ ထိရောက်မှုကို အစမ်းလေ့ကျင့်ခြင်းဖြင့်လည်းကောင်း၊ ရပ်ရွာတွင်ဘေးအန္တရာယ်ကျရောက်သောအခါ အမှန် တကယ်တွေ့ကြုံရသော အတွေ့အကြုံတို့ဖြင့်လည်းကောင်းအကဲဖြတ်သုံးသပ်ရပါမည်။ အစီ အစဉ်သည် ရပ်ရွာရာသီဥတုနှင့်သဘာဝ ပတ်ဝန်းကျင်ပြောင်းလဲနေသော အခြေအနေများကို ထင်ဟပ်ပြီး လိုက်လျောညီထွေရှိစေရန် သတ်မှတ်ထားသောကာလအလိုက်(သို့မဟုတ်) အခါ အားလျော်စွာ ပုံမှန်ဖြည့်စွက် ပြင်ဆင်ခြင်းများပြုလုပ်ရပါမည်။




*ရပ်သူရွာသားများမှရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ပူးပေါင်းရေးဆွဲနေစဉ်။*

## (ဂ) ရပ်ရွာအခြေပြုရေလွှမ်းမိုးမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုအကဲဖြတ်ချက်

ရေလွှမ်းမိုးတတ်သော နယ်မြေဒေသများတွင်နေထိုင်သူများအားလုံးသည်အန္တရာယ်ကို ကောင်းစွာနားလည်သဘောပေါက်စေရန်အတွက် ရေလွှမ်းမိုးမှုကြောင့်ရပ်ရွာတွင် ထိခိုက်ဆုံးရှုံးနိုင်မှု အကဲဖြတ်ချက်ပြုလုပ်ရန် လိုအပ်ပါသည်။ ရပ်ရွာတွင်နေထိုင်သူများသည် နယ်မြေဒေသ၏ယခင်က ရေလွှမ်းမိုးမှုဖြစ်စဉ်ကိုသိရှိပြီး ရေလွှမ်းမိုးမှုအန္တရာယ် သတိပေးချက်များ၊ မိမိတို့နယ်မြေဒေသတွင် ရေလွှမ်းမိုးလျှင်ဖြစ်ပွားလာမည့် ထိခိုက်နိုင်မှုများနှင့် ရေလွှမ်းမိုးမှု အဆင့်အမျိုးမျိုးကြောင့် အန္တရာယ်ကျရောက်လွယ်သောနယ်မြေအသီးသီးကို နားလည်ထားရပါမည်။ ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အစည်းသည် အခြားရပ်သူရွာသားများပါဝင်လျက် ဒေသအတွင်းရေလွှမ်းမိုးမှု အန္တရာယ်ပြမြေပုံကိုလည်း အသေးစိတ်ရေးဆွဲ၍ ဆွေးနွေးရပါမည်။ မြေပုံတွင် ရေလွှမ်းမိုးလာနိုင်သည့်လမ်းကြောင်းနှင့် ဒေသတွင်းရေလွှမ်းမိုးမှုအဆင့်ဆင့် ဖြစ်ပွားလာနိုင်ပုံတို့ကို ကြိုတင်၍ဖော်ပြထားရပါမည်။

## (ဃ) ရေလွှမ်းမိုးမှုကြိုတင်ခန့်မှန်းခြင်းနှင့် ကြိုတင်သတိပေးချက် ဖြန့်ဝေခြင်း

ရေလွှမ်းမိုးမှုကြိုတင်ခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးချက်များသည် ရေလွှမ်းမိုးမှုအပေါ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများဖြစ်သော လူအများကို ဘေးကင်းရာသို့ နေရာရွှေ့

ပြောင်းခြင်း၊ လိုအပ်သောပစ္စည်းနှင့် ဝန်ဆောင်မှုများပေးပို့ခြင်းတို့အတွက် အရေးကြီးသော သတင်းအချက်အလက်ဖြစ်ပါသည်။ ရေလွှမ်းမိုးမှု ကြိုတင်သတိပေးစနစ်သည် မည်သည့် အချိန်၊ မည်သည့်နေရာတွင် ရေလွှမ်းမိုးမှုဖြစ်ပွားမည်ဆိုသောအချက်များအပါအဝင် ရေလွှမ်း မိုးမှုဖြစ်စဉ်တွင် အရေးကြီးသောသတင်းအချက်အလက်များ ဖြန့်ဝေမှုကိုလွယ်ကူစေနိုင်ပါသည်။ ဤသို့ဖြင့်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် သတိပေးချက်တွင်ဖော်ပြထားသော အန္တရာယ်ကျရောက်နိုင်မှုအဆင့်နှင့်အညီ အချိန်မီ ဆုံးဖြတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ရိုးရှင်း၍ ထိရောက်သော ကြိုတင်သတိပေးမှုစနစ်တွင် အောက်ပါအတိုင်း အဓိကအစိတ်အပိုင်း ၄ ရပ် ပါဝင်ပါသည်။

- ရေလွှမ်းမိုးမှုဘေးရန်ဖော်ထုတ်ခြင်းနှင့် ကြိုတင်ခန့်မှန်းခြင်း၊
- သတိပေးချက်များ ရေးသားပြုစုခြင်း
- သတိပေးချက်များထုတ်ပြန်ခြင်း
- ရပ်ရွာ၏တုံ့ပြန်မှုတို့ဖြစ်ပါသည်။

ရေလွှမ်းမိုးနိုင်သော နယ်မြေဒေသများတွင်နေထိုင်သူများသည် ၎င်းတို့ရင်ဆိုင်ရသော အန္တရာယ်ကျရောက်နိုင်မှုနှင့် ကြိုတင်သတိပေးစနစ်အပေါ် သေချာရှင်းလင်းစွာသိရှိထားရ ပါမည်။

ပေးပို့ဖြန့်ဝေသောရေလွှမ်းမိုးမှုကြိုတင်ခန့်မှန်းချက်များသည် ယုံကြည်အားထားနိုင်၍ တရားဝင်ထုတ်ပြန်ခွင့်ရှိသောနေရာဌာနမှရယူခြင်းဖြစ်ရန် အရေးကြီးပါသည်။ သတင်းအချက် အလက် ခိုင်မာမှုရှိစေရန်ဖြစ်ပါသည်။ ကြိုတင်ခန့်မှန်းချက်များမှ ဖော်ထုတ်ရရှိသော သတိပေးချက် အချက်အလက်များကို သက်ဆိုင်ရာနယ်မြေခံ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့များသို့ ပေးပို့ရပါမည်။ ၎င်းတို့မှ လိုအပ်သောလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် ဆုံးဖြတ်လုပ်ဆောင်မည်ဖြစ်ပါသည်။

ရပ်ရွာများသည် လျှပ်တစ်ပြက်ရေလွှမ်းမိုးမှု ကြုံတွေ့ရနိုင်ပါက အစုအဖွဲ့များ ဖွဲ့စည်းပြီး ရေလွှမ်းမိုးမှုအဆင့်ကို စောင့်ကြည့်ရေးအတွက် စီစဉ်ရန် ဖြစ်ပါသည်။သတင်းအချက်အလက်ကို မည်ကဲ့သို့ဖြန့်ဝေနိုင်ကြောင်းကိုလည်း ဆွေးနွေးထားရပါမည်။

## (င) ရေလွှမ်းမိုးမှုရည်ညွှန်းဖော်ပြခြင်း

ရေလွှမ်းမိုးမှုရည်ညွှန်းဖော်ပြခြင်းသည် ရပ်ရွာအဆင့်တွင်ဆောင်ရွက်နိုင်သော လုပ်ငန်း တစ်ရပ်ဖြစ်ပါသည်။ ရပ်ရွာတွင်နေထိုင်သူများက ရေလွှမ်းမိုးမှုကို ကြိုတင်ခန့်မှန်းနိုင်ရန် ဖြစ်ပါသည်။ အမျိုးသားအဆင့်ကြိုတင်ခန့်မှန်းနိုင်သည့်ကွန်ယက်တွင် ပါဝင်ခြင်းမရှိသော အဓိကရေလွှမ်းမိုးတတ်သောမြစ်များနှင့် ဆက်စပ်နေသောတူးမြောင်းများ၊ မြစ်လက်တက်များ၊

မြစ်ငယ်များတစ်လျှောက် နေထိုင်သော ရပ်ရွာများအတွက် အရေးပါဆုံးဖြစ်ပါသည်။ အောက်ဖော်ပြပါလုပ်ငန်းများပါဝင်ပါသည်–

- ကျေးရွာ/ ရပ်ရွာအနီးရှိ မြစ်များ (သို့မဟုတ်) မြစ်လက်တက်များတွင် ရေအဆင့် အမှတ်အသား (သို့မဟုတ် ရေမှတ်တိုင်)များ တပ်ဆင်ခြင်း
- ဈေးများ၊ အဓိကလမ်းမကြီးများ၏ လမ်းဆုံလမ်းခွများကဲ့သို့သော အချက်အခြာကျသော(လူအများမြင်ကွင်း) နေရာများတွင် ကြော်ငြာဆိုင်းဘုတ်ကြီးများထောင်ခြင်း
- ရပ်ရွာအတွင်းတွင်ရွေးချယ်ထားသော ထိတွေ့ဆက်သွယ်ဆောင်ရွက်မည့်လူများအား အသုံးပြုသည့်ပစ္စည်းကိရိယာများပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာလေ့ကျင့်သင်တန်းပေးခြင်း
- အမျိုးသားအဆင့်မှ ရေလွှမ်းမိုးမှုသတင်းအချက်အလက်များ (ကြိုတင်ခန့်မှန်းချက်များနှင့်သတိပေးချက်များ)ကိုလက်ခံရယူရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသစခန်းများက နယ်မြေဒေသအတွက် ရေလွှမ်းမိုးမှု ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်နိုင်ရေးအတွက်နယ်မြေအဆင့်မှ သတင်းအချက်အလက်များကို အဆိုပါမိုးလေဝသစခန်းများသို့ အချိန်နှင့်တပြေးညီပေးပို့နိုင်ရန်အတွက် စနစ်တကျ ဆက်သွယ်ရေးစနစ်တစ်ရပ် ထူထောင်ထားရှိခြင်း

## (စ) ရပ်ရွာအတွက်ခိုလှုံရာနေရာ

ရပ်ရွာလူထုမှ ခိုလှုံရာနေရာသို့သွားရောက်နိုင်မှု၊ ရပ်ရွာ၏တည်နေရာ၊ ပစ္စည်းနှင့် ဝန်ဆောင်မှုများ လက်ခံနိုင်သည့်လူအရေအတွက် စသည်တို့အပေါ် အခြေခံ၍ ရေလွှမ်းမိုးချိန်တွင် ခိုလှုံရန်နေရာများကိုသတ်မှတ်ထားရပါမည်။ အဆိုပါခိုလှုံရာနေရာများသို့ နေရာရွှေ့ပြောင်းရန်/ ကြိုတင်ရွှေ့ပြောင်းရန်အတွက် အန္တရာယ်အကင်းရှင်းဆုံးနည်းလမ်းများနှင့် လမ်းမြေပုံများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ရပ်ရွာတွင်နေထိုင်သူများသည် ခိုလှုံရာနေရာနှင့်ပတ်သက်၍ကောင်းစွာသိရှိရပါမည်။ ခိုလှုံရာနေရာ ကြိုတင်ပြင်ဆင်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများ ပါဝင်စေရန်အကြံပြုပါသည်–

(က) ခိုလှုံရာနေရာပတ်ဝန်းကျင်ကိုရှင်းလင်းခြင်း

(ခ) အရွယ်ကြီးမားသောချက်ပြုတ်ရန်မီးဖိုများကြိုတင်ပြင်ဆင်ခြင်း

(ဂ) ရေလွှမ်းနိုင်သည့်အဆင့်ထက် မြင့်သောနေရာတွင် အဝီစိတွင်းအသစ်တူးခြင်း သို့မဟုတ် ရှိရင်းတွင်းကို မွမ်းမံမြှင့်တင်ခြင်း

(ဃ) ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းအတွက် စစ်ဆေးမှုများပြုလုပ်ရန်အခန်းငယ်များ၊ နို့တိုက်မိခင်များနှင့် ကလေးသူငယ်များ၊ အရွယ်ရောက်စ မိန်းကလေးများအတွက် လုံခြုံမှုရှိသောအခန်းများ၊ ဆေးဝါးနှင့် အစားအစာများ ထားသိုရန်နေရာများ၊

ထင်းလောင်စာ၊ ဇီဝလောင်စာနှင့်/သို့မဟုတ် ရေနံဆီထားသိုရန် နေရာများစီစဉ်ထားခြင်း၊ မီးထွန်းရန် မီးအိမ်များစီစဉ်ထားခြင်း

(င) အဆိုးဆုံးအခြေအနေအတွက် ပြင်ဆင်ပြီးဖြစ်စေရန် အခြားခိုလှုံရာနေရာများကို သတ်မှတ်ခြင်း၊

(စ) ခိုလှုံရာနေရာများကို တိုးချဲ့ခြင်းတို့ဖြစ်ပါသည်။

## (ဆ) ဘေးကင်းရာသို့ကြိုတင်ရွှေ့ပြောင်းရေးစီစဉ်ထားခြင်း

ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းရေးအစီအစဉ်များကို ရပ်ရွာစေတနာ့ဝန်ထမ်းအုပ်စုများနှင့်အတူသက်ဆိုင်ရာနယ်မြေခံအဆင့် အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ကြိုတင်ဆောင်ရွက်သင့်ပါသည်။ ရပ်ရွာတွင်နေထိုင်သူ/အစုအဖွဲ့ အားလုံးသည်ဘေးကင်းရာသို့ကြိုတင်ရွှေ့ပြောင်းမည်ဆိုပါက ဆောင်ရွက်နိုင်ရန်အတွက် အတိအကျညွှန်ကြားချက်များပေးထားပြီး တာဝန်များသတ်မှတ်ထားရှိရပါမည်။ ဘေးကင်းရာသို့ ကြိုတင်ပြောင်းရွှေ့ခြင်း လုပ်ငန်းအစီအစဉ်ကို ကူညီပံ့ပိုးရန်အတွက် အန္တရာယ်ကျရောက်လွယ်သောနယ်မြေဒေသများကို ရေလွှမ်းမိုးမှုအန္တရာယ်ကျရောက်နိုင်မှု မြေပုံရေးဆွဲခြင်းဖြင့် ရှင်းလင်းစွာဖော်ထုတ်ထားရပါမည်။ ထို့နောက် ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းရန်နေရာ(ခိုလှုံရာနေရာ) ကို အသင့်ပြင်ဆင်ပြီး ထိန်းသိမ်းထားရှိရပါမည်။ ရပ်ရွာတွင် နေထိုင်သူများသည်လည်း ၎င်းတို့သွားရောက်လိုသည့်နေရာသို့ ရောက်ရှိရန်အတွက် မည်သည့်လမ်းကြောင်းမှ သွားရောက်သင့်ကြောင်းသိရှိရပါမည်။ ဘေးကင်းရာသို့ သွားရောက်ရေး ကြိုတင်ပြင်ဆင်ရာတွင် ထိုနေရာသို့ သွားရောက်နိုင်မည့် အခြားလမ်းကြောင်းများ တစ်ခုထက်မက ဖော်ထုတ်ထားရှိရပါမည်။ ဤနည်းဖြင့် ဘေးကင်းရာသို့ပြောင်းရွှေ့စဉ် ကြာမြင့်မည့်အချိန်ကို နည်းနိုင်သမျှနည်းစေရန် စီမံထားနိုင်ပါသည်။

ဘေးကင်းရာသို့ သွားရောက်ရေးအစီအစဉ်ရေးဆွဲရာတွင် အောက်ဖော်ပြပါအချက်များကိုလည်းထည့်သွင်းစဉ်းစားသင့်ပါသည်–

- ဘေးကင်းရာသို့သွားရောက်နိုင်မည့် အန္တရာယ်အကင်းရှင်းဆုံးနှင့် အတိုဆုံးလမ်းကြောင်းကိုလည်းကောင်း၊ ကြိုတင်မျှော်မှန်းမထားသော လမ်းပိတ်ဆို့မှုများဖြစ်ပွားလာလျှင် အခြားရွေးချယ်နိုင်သည့် လမ်းကြောင်းတို့ကို ရေလွှမ်းမိုးနိုင်သော (သို့မဟုတ်) ရေမည်မျှနက်သည်ဟုမသိနိုင်သော ရေဝပ်သည့်နေရာများကို ရှောင်ရှား၍ ဖော်ထုတ်ထားရှိခြင်း
- လမ်းကြောင်းတစ်လျှောက်တွင် အလွယ်တကူသိမြင်နိုင်သော ဆိုင်းဘုတ်များ၊ အမှတ်အသားများ တပ်ဆင်ပြုလုပ်ထားရှိခြင်း

- ဘေးကင်းရှင်းသောခိုလှုံရာနေရာများ၏ တည်နေရာများနှင့် သွားရောက်နိုင်မည့် လမ်းကြောင်းများကို အများပြည်သူအား အသိပေးထားခြင်း
- လှေများနှင့် အခြားသယ်ယူပို့ဆောင်ရေးလမ်းကြောင်း ပြင်ဆင်ထားရှိခြင်း၊ (ပစ္စည်းကိရိယာများ၏အနေအထားကိုရံဖန်ရံခါစစ်ဆေးရန်အထူးအရေးကြီးပါသည်။)
- သင့်လျော်သောအချိန်တွင် ဘေးဒဏ်ခံရနိုင်ဆုံး အိမ်ထောင်စုများကို ဘေးကင်းရှင်းသော နယ်မြေဒေသများနှင့် ပိုမိုနီးစေရန်အတွက် ကြိုတင်ရွှေ့ပြောင်းထားသင့်ပါသည်။

## (ဇ) လေ့ကျင့်သင်တန်းပေးမှုများ

ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ရပ်ရွာနေထိုင်သူများအတွက် ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မှုကိုလျှော့ချရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လေ့ကျင့်သင်တန်းပေးမှုသည် အရေးကြီးပါသည်။ လေ့ကျင့်သင်တန်းပေးရသည့် ရည်ရွယ်ချက်မှာ ရပ်ရွာအခြေပြုအဖွဲ့အစည်းနှင့်ရပ်ရွာတွင်နေထိုင်သူများအားငင်းတို့ကိုယ်တိုင် ဆောင်ရွက်နိုင်မည့် ဘေးလျော့ပါးစေရေး လုပ်ငန်းများကို နားလည်သဘောပေါက်စေရန် ဖြစ်ပါသည်။




ရှာဖွေကယ်ဆယ်ရေးသင်တန်း




လက်သမားသင်တန်း

လေ့ကျင့်သင်တန်းပေးမှုကို–

(က) ရပ်ရွာအဖွဲ့အစည်းတွင် ပါဝင်သူများ

(ခ) ရပ်ရွာတွင်နေထိုင်သူများအားလုံး

(ဂ) အထူးပြု နည်းပညာ ကျွမ်းကျင်သူများ၊ ဥပမာ ပန်းရံဆရာများ၊ ဆေးဝါးအကူများ၊ ဆရာဆရာမများ၊ လယ်သမားများနှင့် နယ်မြေခံအာဏာပိုင်ဝန်ထမ်းများအတွက် ဖြည့်ဆည်းပေးသင့်ပါသည်။

လေ့ကျင့်သင်တန်းပေးရာတွင် အကြောင်းအရာအမျိုးမျိုး ပါဝင်နိုင်ပါသည်–

(က)ဘေးလျော့ပါးစေရေးလုပ်ငန်းများ လေ့ကျင့်သင်တန်းပေးခြင်း

(ခ) ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်း၊ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း၊ အရေးပေါ်ခိုလှုံရာနေရာ စီမံခန့်ခွဲမှု၊ ဘေးကင်းရာသို့ ကြိုတင်ပြောင်းရွှေ့ခြင်း စီမံခန့်ခွဲမှုစသည်တို့ အပါအဝင် အရေးပေါ်တုံ့ပြန်မှုသင်တန်းများ

(ဂ) ရပ်ရွာအခြေပြုဘေးလျော့ပါးစေရေးကိုတိုးမြှင့်ရန်အတွက် သီးသန့်ရည်ရွယ်သည့် အစုအဖွဲ့များကိုနည်းပညာဆိုင်ရာလေ့ကျင့်သင်တန်းပေးခြင်း၊ ဥပမာ–လက်သမားများ၊ ပန်းရံဆရာများ၊ လက်မှုပညာရှင်များ၊ အိမ်ထောင်စုများအတွက် လေ့ကျင့်သင်တန်းပေးပြီး ရေလွှမ်းမိုးမှုဒဏ်ခံနိုင်ရည်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပြန်လည်ပြင်ဆင်ရေးတို့ကို သင်ကြားပေးခြင်း၊ အိမ်ထောင်စုများနှင့် မိခင်များအား ရေသန့်စင်ရေးနည်းလမ်းများကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးများအားရေလွှမ်းမိုးသည့်အခါတွင် လွတ်မြောက်နိုင်ရန်အတွက် ရေကူးသင်တန်းပေးခြင်းတို့ဖြစ်ပါသည်။

## (ဈ) အစမ်းလေ့ကျင့်ခြင်း

အစမ်းလေ့ကျင့်ခြင်းများ (သို့မဟုတ်) အသွင်တူလေ့ကျင့်ခန်းပြုလုပ်ခြင်းများသည် ရပ်ရွာအဆင့်ကြိုတင်ပြင်ဆင်မှုတွင် အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ အစမ်းလေ့ကျင့်ခြင်းအမျိုးအစား(၂)ရပ်ကို ရပ်ရွာအတွင်းတွင် စီစဉ်ပြုလုပ်နိုင်ပါသည်။ (၁)စားပွဲဝိုင်းလေ့ကျင့်ခန်းများနှင့် (၂)လုပ်ငန်းဆောင်ရွက်မှုအစမ်းလေ့ကျင့်ခြင်းများ ဖြစ်ပါသည်။ အချို့သောကျွမ်းကျင်မှုများမှာ အစမ်းလေ့ကျင့်မှသာလျှင် သင်ကြား/သင်ယူမှု ပြည့်ဝနိုင်ပါသည်။ လုပ်ငန်းဆောင်ရွက်သည့် အစမ်းလေ့ကျင့်မှုများတွင် အောက်ဖော်ပြပါကဏ္ဍအမျိုးမျိုး ပါဝင်နိုင်ပါသည်။

- ကြိုတင်သတိပေးခြင်းနှင့် သက်ဆိုင်သူများက နောက်ဆက်တွဲဆောင်ရွက်ခြင်း
- ဘေးကင်းရာသို့ကြိုတင်ပြောင်းရွှေ့သည့်လေ့ကျင့်ခန်းများ
- ရှာဖွေကယ်ဆယ်ခြင်းအစမ်းလေ့ကျင့်မှုများ
- ရှေးဦးပြုစုခြင်းအစမ်းလေ့ကျင့်မှုများ




*ရှာဖွေကယ်ဆယ်ရေးအတွက် ဓာတ်တိုက်လှေကျင့်နေပုံ*

## ၃-၃ အိမ်ထောင်စုအဆင့်တွင် ကြိုတင်ပြင်ဆင်ခြင်း

ရေလွှမ်းမိုးတတ်သည့် နယ်မြေဒေသများတွင် နေထိုင်သူများသည်အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်သင့်ပါသည်။

- ရေလွှမ်းမိုးမှုဒဏ်ခံနိုင်ရည်ရှိသောဆောက်လုပ်ရေးဒီဇိုင်းနှင့် ပစ္စည်းကိရိယာများကို ဆောက်လုပ်ရာတွင်အသုံးပြုခြင်း
- ဖြစ်နိုင်ပါက အိမ်/အဆောက်အအုံကိုမြှင့်၍ ဆောက်လုပ်ခြင်းနှင့် အုတ်ဖိနပ်ခံ၍ ဆောက်လုပ်ခြင်း
- ဖြစ်နိုင်ပါက အိမ်၏အားနည်းသောတိုင်များနှင့် အိမ်ခြေတိုင်များကို လဲလှယ်ခြင်း၊ ကြံ့ခိုင်စေခြင်း၊
- ဖြစ်နိုင်ပါက နွားတင်းကုပ်များ၏ အောက်ခြေကို မြှင့်ထားခြင်း
- အဝီစိတွင်းအတွက် ပိုက်များစုဆောင်း၍ ရေလွှမ်းမိုးမည့်သတိပေးချက် ထုတ်ပြန်သောအခါတွင် တွင်းဝ၏အမြင့်ကိုမြှင့်တင်ခြင်း

- (က) အစားအစာသိုလှောင်ထားရှိရန် (ထမင်းခြောက်၊ မျိုးစေ့များကဲ့သို့သော စားနပ်ရိက္ခာခြောက်များဖြစ်လျှင်ပိုမိုကောင်းမွန်ပါသည်)နှင့် လောင်စာသိုလှောင်ရန် (ဇီဝလောင်စာ)၊ (ခ) တိရစ္ဆာန်အစားအစာများ၊ ဖွဲများထားရှိရန်နှင့် (ဂ) မိသားစု ပိုင်ပစ္စည်းများနှင့် အဖိုးတန်ပစ္စည်းများထားရှိရန်အတွက်စင်မြင့်များကို ကြိုတင်ပြင် ဆင်ထားရှိခြင်း

- သစ်ပင်များကိုခုတ်လှဲမှုမပြုခြင်း၊ နေအိမ်ပတ်ပတ်လည်တွင် ရေတိုက်စားမှုမရှိစေရန် အတွက် ဝါးနှင့် အခြားသင့်လျော်သောအပင်များစိုက်ပျိုးခြင်း

- မြစ်များ၊ တူးမြောင်းများအတွင်းသို့ အမှိုက်မပစ်ခြင်း

- စီးကရက်တိုများ၊ အထူးသဖြင့် ပလပ်စတစ် (သို့မဟုတ်) မဆွေးမြေ့နိုင်သောပစ္စည်း နှင့် ပြုလုပ်ထားသောအရာများကို အိမ်ခြံဝင်းအတွင်းတွင်မစွန့်ပစ်ဘဲ သတ်မှတ်ထား သော နေရာများတွင်သာ စွန့်ပစ်ခြင်း၊ (ယင်းပစ္စည်းများသည် ရေသွယ်ထုတ်စနစ်ကို ပိတ်ဆို့စေလျက် ရေစီးဆင်းမှုကို အဟန့်အတားပြုနိုင်ပါသည်။)

- ရေလွှမ်းမိုးမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ထိခိုက်ပျက်စီးမှုသက်သာစေမည့် သီးနှံများကို စိုက်ပျိုးခြင်း

- ရေလွှမ်းမိုးမှုအတွက် အရေးပေါ်အိတ် ကြိုတင်ပြင်ဆင်ထားခြင်း

**ရေလွှမ်းမိုးမှုအရေးပေါ်အိတ်တွင်ပါဝင်သည့်ပစ္စည်းများ**

- အလွယ်တကူသယ်ယူနိုင်သောရေဒီယိုနှင့် လက်နှိပ်ဓာတ်မီး
- ဓာတ်ခဲသစ်အချို့
- ဖယောင်းတိုင်နှင့်ရေစိုခံမီးခြစ်များ
- သောက်ရေ၊စည်သွတ်အစားအစာနှင့်ခေါက်ဆွဲခြောက်ကဲ့သို့သော အစားအစာများ သင့်တော်သည့်ပမာဏ
- ရှေးဦးသူနာပြုဆေးသေတ္တာ (ပဋိဇီဝလိမ်းဆေး၊ ပတ်တီး စသည်)
- ဓါတ်ဆားထုပ်များ
- အအေးမိ၊ ချောင်းဆိုး၊ ဝမ်းလျှော၊ ခေါင်းကိုက်၊ ဖျားခြင်းနှင့် အခြား အဖြစ်များသောရောဂါများအတွက် မရှိမဖြစ်လိုအပ်သော ဆေးဝါးများ
- အမျိုးသမီးလစဉ်သုံးပစ္စည်း
- ခိုင်ခန့်သောဖိနပ်များ ဖြစ်နိုင်ပါက ရော်ဘာလက်အိတ်များ
- အဝတ်အစား၊စာရွက်စာတမ်းနှင့်အဖိုးတန်ပစ္စည်းများထည့်ရန်ရေစိုခံအိတ်
- ရေရရှိသည်အထိ ရေချိုစုဆောင်းထားရန် ပလပ်စတစ်ပုံး
- အရေးပေါ်ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်နှင့် လိပ်စာများ

- သင့်ရပ်ရွာ၏ရေလွှမ်းမိုးခြင်းသတိပေးစနစ်အကြောင်းသိရှိထားခြင်း၊ သင့်မိသားစုကိုလည်း သိရှိထားစေခြင်း

- ရေလွှမ်းမိုးမည့်သတိပေးချက်များကို နားလည်သဘောပေါက်ခြင်း၊ ရေလွှမ်းမိုးမှုကြောင့် နေအိမ်နှင့်မိသားစုအပေါ် ထိခိုက်နိုင်မှုများကို နားလည်သဘောပေါက်ခြင်း၊

- ဘေးကင်းရာသို့ကြိုတင်ပြောင်းရွှေ့ခြင်း အစီအစဉ်များကို ကြိုတင်စီစဉ်ထားခြင်း၊ မိသားစုဝင်တစ်ဦးစီ၏တာဝန်ကို သီးခြားညွှန်ကြားချက်များပေးထားပြီး အန္တရာယ်ကင်းရှင်းရာသို့ ပြောင်းရွှေ့ရပါက မည်သို့ဆောင်ရွက်ရမည်ကို သီးခြားညွှန်ကြားချက်များပေးလျက် တာဝန်များချမှတ်ပေးထားခြင်း၊

- မိသားစုနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် ကြိုတင်ပြောင်းရွှေ့နိုင်မည့် ဘေးကင်းရာနေရာကို သတ်မှတ်ထားခြင်း၊

- မိသားစုတွင် လှေများရှိပါက ယင်းလှေများကို ကောင်းစွာပြုပြင်ထိန်းသိမ်းထားပြီး သစ်ပင် (သို့မဟုတ်) အခြားခိုင်မြဲသောပစ္စည်းများတွင် စနစ်တကျချည်နှောင်ထားရပါမည်။

- မရှိမဖြစ်လိုအပ်သော စားနပ်ရိက္ခာများနှင့်စာရွက်စာတမ်းများကို ပိုမိုအန္တရာယ်ကင်းသော နေရာများတွင် ထားရှိရပါမည်။

- အိမ်သာကို ပိုမို၍မြင့်အောင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ညီညွတ်စေရန် ဆောက်လုပ်ရပါမည်။ ဖြစ်နိုင်ပါကမြင့်၍တည်ဆောက်ထားသော အိမ်နှင့် အိမ်သာကို တံတားပြုလုပ်ဆက်သွယ်ထားရန်ဖြစ်ပါသည်။

- ဓာတ်ဆားထုပ်အချို့၊ သကြားနှင့်ဆား၊ ရေသန့်စင်ဆေးပြား၊ အရေးပေါ်ရှေးဦးသူနာပြုပစ္စည်းများစသည်တို့ကို ခြင်းတောင်းတစ်ခုတွင်ထည့်၍ ခေါင်မိုးမျက်နှာကျက်မှ တွဲလောင်းဆွဲထားနိုင်ပါသည်။

- ငှက်ပျောပင် ပင်စည်အချို့ကို စုဆောင်း၍ ဖောင်(များ)ပြုလုပ်ထားနိုင်ပါသည်။

- လွတ်မြောက်နိုင်မည့်လမ်းကြောင်းများ၊နေအိမ်များစသည်တို့ကိုအားနည်းချက်ရှိ/မရှိ ရေလွှမ်းမိုးမှု မဖြစ်မီ စစ်ဆေးပါ။ အားနည်းချက်တွေ့ရှိရပါက ရေလွှမ်းမိုးမလာနိုင်ရန်အတွက်ပိတ်ဆို့ရန် သဲအိတ်များဖို့၍ နံရံတည်ဆောက်ကာကွယ်နိုင်ပါသည်။

- ရာသီဥတုအခြေအနေများ ဆိုးရွားသောအခြေအနေတွင် နယ်မြေခံ အာဏာပိုင်များက ထုတ်ပြန်သော တရားဝင်သတိပေးချက်များ၊ ရေဒီယို (သို့မဟုတ်) ရုပ်မြင်သံကြားမှ သတင်းများကိုအမြဲနားထောင်ပါ။

# t ce;4

## a&v r;r;r r ab;u i;apa&; t B u jyK cs u rsm;

### ၄–၁ ရေလွှမ်းမိုးခြင်းသတိပေးချက်ထုတ်ပြန်ပါက

- မြင့်တက်လာသောရေ၏အခြေအနေကိုစောင့်ကြည့်ပါ။
- အရေးပေါ်ညွှန်ကြားချက်များရယူနိုင်ရန် ရေဒီယိုနားထောင်ပါ။
- သောက်ရေသိုလှောင်ပါ။
- ပစ္စည်းများကို မြင့်သောအထပ်သို့ရွှေ့ပါ။
- ချက်ပြုတ်ရန်လွယ်ကူသော အစားအစာမျိုးကို စုဆောင်းပါ။
- ကျွဲနွားတိရစ္ဆာန်များကို ကုန်းမြင့်သို့ရွှေ့ပါ။
- လိုအပ်ပါက ရေတက်ခြင်းကြောင့် လမ်းများရေလွှမ်းမသွားမီ ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းပါ။

### ၄–၂ ရေလွှမ်းမိုးစဉ်အတောအတွင်း

- အရေးပေါ်အိတ်ကို အန္တရာယ်ကင်းရှင်းသောနေရာတွင် ခြောက်သွေ့စွာထားရှိပါ။
- ရေလွှမ်းထားသော အစားအစာများကို မစားပါနှင့်။
- မလတ်ဆတ်သည့်အစားအစာများကို ပြင်ပမှဝယ်မစားပါနှင့်။ ယင်းသို့သော အစားအစာများတွင် ဘက်တီးရီးယားများပါဝင်ပြီး ရောဂါပိုးဝင်လျက် နာမကျန်းဖြစ်နိုင်ပါသည်။ တိရစ္ဆာန်အသေကောင်များကို မစားပါနှင့်။ ရောဂါကြောင့်သေဆုံးခြင်း ဖြစ်နိုင်ပါသည်။
- ရေချိုရရှိရန်အတွက် မိုးရေကို စုဆောင်းထားပါ။ ရေကို ကျိုချက်ပြီးမှသောက်ပါ။
- ရေလွှမ်းထားသော ရေတွင်းများမှ ရေကို မသောက်သုံးပါနှင့်။
- ရေလွှမ်းမိုးထားသော သဘာဝဓာတ်ငွေ့၊ လျှပ်စစ် (သို့မဟုတ်) အခြား လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းကိရိယာများကို အန္တရာယ်ကင်းရှင်းကြောင်းမစစ်ဆေးဘဲ အသုံးမပြုပါနှင့်။
- ကလေးသူငယ်များအားရေလွှမ်းနေရာသို့ဆင်း၍ကစားခြင်း၊ ရေကူးခြင်းများကို ခွင့်မပြုပါနှင့်။

- မြွေများ၊ ပင့်ကူများသည် အဆောက်အအုံများအတွင်းရှိ ပိုမိုခြောက်သွေ့သောနေရာသို့ရွှေ့ပြောင်းလာတတ်ခြင်းကြောင့် ၎င်းတို့ကိုသတိပြုပါ။

- ရေအတွင်း ဖြတ်သန်းလမ်းလျှောက်ပါက ရေတိမ်သည့်တိုင် သင့်တော်သော ဖိနပ်များကို စီးပါ။ ရေမှာညစ်ညမ်းမှုရှိနိုင်ပါသည်။ ညစ်ညမ်းမှုရှိသောရေနှင့် မြေတို့ကြောင့် ထိခိုက်မှုရှိနိုင်ပါသည်။ အရေပြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ရေလွှမ်းမိုးလာသောအခါတွင် ရေအနက်နှင့် ရေစီးတို့ကို မစူးစမ်းဘဲ ရေထဲသို့ဆင်းခြင်း၊ ယာဉ်မောင်းနှင်ခြင်းများမပြုလုပ်ပါနှင့်။

- ရေလွှမ်းမိုးသော နယ်မြေဒေသများတွင် မြစ်ကမ်းပါးများတိုက်စားပြီးပြိုကျတတ်သောကြောင့် မြစ်ကမ်းပါးအနီးသို့ မသွားပါနှင့်။

- ရေဒီယိုမှလွှင့်သော အကြံပြုချက်များနှင့် သတိပေးချက်များအားလုံးကို လိုက်နာဆောင်ရွက်ပါ။




*ရေကြီးနေစဉ်ပြင်ဆင်ဆောင်ရွက်သင့်သည်များ*

## ၄-၃ ဘေးကင်းရာသို့ကြိုတင်ပြောင်းရွှေ့ရန် အကြံပြုလာပါက

နယ်မြေခံအာဏာပိုင်များ (သို့မဟုတ်) ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာရပ်ရွာအခြေပြု အဖွဲ့က ဘေးကင်းရာသို့ပြောင်းရွှေ့ရန် အကြံပြုပါက (သို့မဟုတ်) သင်ကိုယ်တိုင်က နယ်မြေဒေသတွင်းမှ ထွက်ခွာရန် ဆုံးဖြတ်ပါက အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

- တာဝန်ရှိသူများနှင့် အိမ်နီးချင်းများအား အသိပေးပြီးမည်သည့်နေရာသို့ သွားမည်ဖြစ်ကြောင်း အသေးစိတ်ပြောပြပါ။
- အဖိုးတန်ပစ္စည်းများ၊ အရေးကြီးသောသက်သေခံလက်မှတ်များ၊ စာရွက်စာတမ်းများအားလုံးကို စုဆောင်းပါ။
- အိမ်ထောင်ပရိဘောဂများ၊ လျှပ်စစ်ပစ္စည်းများ၊ ပိုင်ဆိုင်မှုများကို ရေလွတ်နိုင်သည့်အမြင့်ထက် ပိုမိုမြင့်မားသောနေရာတွင် စနစ်တကျစီ၍ စုပုံထားပါ။
- လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်းတို့ကို ပိတ်ပါ။ အိမ်၏ပြတင်းပေါက်နှင့် တံခါးများကိုလည်းပိတ်ပါ။
- အရေးပေါ်အိတ်ကို ယူဆောင်ပါ။




*လိုအပ်ပါကဘေးလွတ်ရာသို့ကြိုတင်ရွှေ့ပြောင်းပါ။*

- အိမ်မှမထွက်ခွာမီ အိမ်တံခါးများကို သော့ခတ်၍ပိတ်ပါ။
- အကြံပြုထားသော လမ်းကြောင်းများအတိုင်း ဘေးကင်းရာသို့ သွားရောက်ပါ။

## ၄-၄ ရေလွှမ်းပြီးနောက်

ရေလွှမ်းပြီးနောက် ရေများကျဆင်းသွားသော်လည်း နေအိမ်နှင့်ခြံဝန်းအတွင်း၌ အန္တရာယ်အများအပြား ရှိနိုင်ပါသေးသည်။ အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်ရန်အကြံပြုပါသည်။

- ရပ်ရွာမှတာဝန်ရှိသူများနှင့် အိမ်နီးချင်းများအားမိမိနေအိမ်သို့ ပြန်မည်ဖြစ်ကြောင်းအသိပေး ပြောကြား၍ နေအိမ်သို့သွားရောက်ရန်ဆုံးဖြတ်ချက်မချမီ အကြံဉာဏ်တောင်းခံပါ။
- မိမိနေအိမ်သို့ အပြန်လမ်း၌ ရပ်တန့်ရန်ဆိုင်းဘုတ်များတွေ့ရှိလျှင် ယင်းလမ်းကိုရှောင်၍ အခြားလမ်းမှသွားပါ။
- ရေဒီယိုမှသတင်းကို မပြတ်နားထောင်ပါ။ နောက်ထပ်ရေလွှမ်းမိုးမှု သို့မဟုတ် လျှပ်တစ်ပြက် ရေလွှမ်းမိုးမှုများဖြစ်လာနိုင်ပါသည်။
- ရေလွှမ်းမိုးနေသော နေရာဒေသကို ဖြတ်သန်းလမ်းလျှောက်သွားခြင်းကို ရှောင်ရှားရန် ကြိုးစားပါ။ ရေလွှမ်းမိုးမှုကြောင့် လမ်းများနှင့်လျှောက်လမ်းများ တိုက်စားသွားတတ်ပါ




*ရေပြင်အတွင်းလျှပ်စစ်ကြိုးများပြတ်ကျပါကဓာတ်လိုက်နိုင်ပါသည်။*
*ရေတက်နေသောရေပြင်တွင် ဖြတ်သန်းလမ်းလျှောက်ခြင်းမပြုသင့်ပါ။*

သည်။ ယခင်ကသွားနေကျဖြစ်သော လမ်းများ၊ ခြေကျင်သွားလမ်းများမှာ ရေလွှမ်းမိုးခြင်းကြောင့် အပြောင်းအလဲများဖြစ်နိုင်ပါသည်။ ရေဖြင့်ပါလာသော အမှိုက်သရိုက်များအတွင်း အဆိပ်ရှိသောတိရစ္ဆာန်များ (မြွေ၊ ပင့်ကူစသည်) ခိုအောင်းနေနိုင်ပါသည်။ ပုလင်းကွဲ၊ ရှတတ်သော သံတိုသံစများလည်း ရှိနေနိုင်ပါသည်။

- ရေလွှမ်းမိုးနေသော နေရာကို ဖြတ်သန်း၍ လျှောက်သွားရမည်ဆိုပါက မြေအမာပေါ်တွင် လျှောက်ပါ။ အဆိုပါရေတွင် မြေအောက်လျှပ်စစ်ဓာတ်အားလိုင်း (သို့မဟုတ်) ပြတ်ကျသော လျှပ်စစ်ဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်ရှိနေနိုင်ပါသည်။

- အိပ်စက်သောအခါတွင် ခြင်ထောင်ထောင်၍အိပ်ပါ။

- မြေပြိုကြောင်း ဆိုင်းဘုတ်ရှိသောနေရာဒေသများ၊ မြစ်ကမ်းပါးများ၊ လူများ အန္တရာယ်ကင်းရှင်းရာသို့ ရွှေ့ပြောင်းထားသောနေရာများအနီးသို့ မသွားပါနှင့်။

- ရေလွှမ်းမိုးစဉ် ရေဝင်ရောက်သောအဆောက်အအုံများနှင့်အိမ်များအတွင်းသို့ လူကြီးများက မစစ်ဆေးရသေးမီ ကလေးသူငယ်များကို ဝင်ရောက်ခွင့်မပြုပါနှင့်။

- ရေလွှမ်းမိုးစဉ် အိမ်အတွင်းရေဝင်ရောက်ခဲ့ပါက အိမ်ကိုစစ်ဆေးပြီးနောက် အတန်ကြာခြောက်သွေ့အောင်ထားရှိပြီးသည်အထိ စိုစွတ်သောလျှပ်စစ်ပလပ်ခေါင်းများကို မထိမကိုင်မိပါစေနှင့်။ လျှပ်စစ်ဓာတ်အားခလုတ်ကိုမဖွင့်ပါနှင့်။

**Reference:**

ADPC. 2004. *Community-based Disaster Risk Management: Field Practioners' Handbook.*

ADPC. 2006. *CBDRM for Local Authorities.*

ADPC. 2002. *Floods: Natural Hazards and Disasters*

ADPC. *Flood Premier1*

ADPC.et al. 2009. *Hazard Profile of Myanmar*

Central Board of Secondary Education, Preet Vihar, Delhi. Nov. 2007. *Together towards a Safer India – An Introduction to Disaster Management for Class VIII.*

GoI, January 2005.(chapter 2 & 4), *Manual on Community Approach to Flood management in India*. J. Env. Dev., 11(1&2), 2004, pp. 227-304.

National Disaster Management Division, GoI, MHA. *Hazards, Disasters and Your Community.*

NDPCC, Union of Myanmar. 2009. *Standing Order on Disaster Management.*

U San Hla Thaw, "*Floods in Myanmar*", Presentation at DRR workshop in Mandalay, Sept, 2009

*http://library.thinkquest.org*

## ဤလက်စွဲစာအုပ်ပြုစုရာတွင်ပါဝင်ဆွေးနွေးအကြံပြုခဲ့သည့်အဖွဲ့အစည်းများ

- Action Aid
- Arche Nova
- Asian Disaster Preparedness Center
- Care Myanmar
- Department of Educational Planning and Training
  (ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန)
- Department of Meteorology and Hydrology
  (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)
- Fire Services Department (မီးသတ်ဦးစီးဌာန)
- French Red Cross
- Information and Public Relation Department
  (ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)
- Maltesa International
- Metta Foundation
- Myanmar Engineering Society (မြန်မာနိုင်ငံအင်ဂျင်နီယာသအင်း)
- Myanmar Geosciences Society (မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)
- Myanmar Information Management Unit (MIMU)
- Myanmar Red Cross Society
- Pact Myanmar
- Relief and Resettlement Department
  (ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန)
- Save the Children
- Tdh-Italy
- United Nations Development Programme (UNDP)
- United Nations Educational, Scientific and Cultural Organisation (UNESCO)
- United Nations High Commissioner for Refugees (UNHCR)
- United Nations Office for the Coordination of Humanitarian Affairs (UNOCHA)
- United Nations Office for Project Services (UNOPS)
- United Nations Population Fund (UNFPA)
- World Vision

# ရေလွှမ်းမိုးခြင်းဘေးအန္တရာယ်လက်စွဲ

## အကြောင်းရင်း၊ ဆိုးကျိုးများနှင့် ကြိုတင်ပြင်ဆင်ရေး

ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် *(UN-HABITAT)* -မြန်မာမှပြုစုပါသည်။

*ထပ်မံသိရှိလိုပါက*

ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်
*(UN-HABITAT)*

အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
desk@unhabitat-mya.org